# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၆)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၈၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဇနီး ကျန်းမာရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသန်းဆွေ၊ မကွေး(၇)၊ ဆေးကုသမှုခံ။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကျန်းမာရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ မိခင်ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ရေဘေးကယ်ဆယ်ရေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ပြည်ပခရီး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ပြည်ပခရီး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီကိစ္စ။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ပြည်ပခရီး။ ဒုတိယဗိုလ်မှူးကြီး ဇော်သန်းထိုက်၊ တပ်မတော်၊ ကျန်းမာရေး။ ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်၊ ကျန်းမာရေး။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဗိုလ်မှူးမောင်မောင်ကြီး၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ဇနီး ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးနု၊ ရန်ကုန်(၁၀)၊ အစည်းအဝေးတက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးစိုးမြင့်၊ ဦးအောင်ကြည်ညွန့်၊ ဦးတင်ယု၊ ဦးဆွန်ဒုတ်ကျင့်၊ ဦးတင်မြ၊ ဦးစောအုန်း၊ ဦးတင်မြ အထိက ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ဖြစ်ပါတယ်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ပြည်ပခရီးစဉ်။ ဦးရဲမြင့်၊

ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြည်မိမ်း၊ ရန်ကုန်(၇)၊ MPU အစည်းအဝေး တက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၀)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ၂၃-၈-၂၀၁၃ ရက်နေ့မှာ ဒေါက်တာအေးမောင် တင်သွင်းတဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဖို့ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ဒေါက်တာအေးမောင် ရဲ့ အဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမင်းမျိုးတင့်လွင် က ထောက်ခံခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက ကန့်ကွက်ခဲ့ပါတယ်။

ဦးလှဆွေ ရဲ့ တင်ပြချက်မှာ ကျွန်တော်တို့ နိုင်ငံရေးပါတီများ ဖွဲ့စည်းခြင်းဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၄၀၇၊ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်မယ့်သူ ဖြစ်မယ်။ နောက်တစ်ခါ ပုဒ်မ ၄၀၇၊ ပုဒ်မခွဲ(ခ)တွင် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေမယ့်သူ ဖြစ်ရင်ပြီးပြီ။ အဲဒီလိုဖြစ်တဲ့သူတွေဟာ ဒီမှာ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ နိုင်ငံသားဆိုပြီးတော့ သူက ကျယ်ပြန့်စွာ ဖော်ပြထားတာဖြစ်တဲ့ အတွက်ကြောင့် Equality ဖြစ်တယ်၊ တန်းတူအခွင့်အရေးရတယ်၊ အခြေခံဥပဒေကို ချိုးဖောက်ပြီး တော့ ဒီလိုမျိုး ပြန်ပြင်မယ်ဆိုရင် မဖြစ်နိုင်ပါ။ ဒါကြောင့်မို့လို့ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ကန့်ကွက်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ဒေါက်တာအေးမောင် ကလည်း အဲဒီနေ့ အရေးကြီးတဲ့ အစည်းအဝေး တက်ရောက်ဖို့ အတွက် အချိန်မရတာကြောင့် ရှင်းလင်းတင်ပြခြင်း မပြုနိုင်ခဲ့ပါဘူး။

ယခု ဒေါက်တာအေးမောင် ရဲ့ တောင်းဆိုချက်အရ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာချမ်းသာကြပါစေရန် မေတ္တာ ပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ အေးမောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တင်သွင်းခြင်းနဲ့ ပတ်သက်ပြီးတော့ ရည်ရွယ်ချက်တွေ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ဒီကမ္ဘာပေါ်မှာ ဒီမိုကရေစီစံ အမြင့်ဆုံး၊ လူ့အခွင့် အရေးစံ အမြင့်ဆုံး ဆိုတဲ့ နိုင်ငံတွေမှာတောင် မိမိနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးနဲ့ အမျိုးသားအကျိုး စီးပွားနဲ့ ယှဉ်တဲ့အခါမှာ မဟာဗျူဟာမြောက် ရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ ၂၁ ရာစု၊ ပထဝီနိုင်ငံရေးရဲ့ မဟာဗျူဟာ ဗဟိုချက် ဆိုတဲ့နေရာမှာ ရောက်နေတယ်ဆိုတာကို ကျွန်တော် အချက်လေးအချို့ကို ကောက်နှုတ် တင်ပြချင် ပါတယ်။ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ ၂၁ ရာစုမှာ အာရှရာစု ဖြစ်မယ်ဆိုတဲ့ ဦးတည်ချက်နဲ့ ပညာရှင်များ သုံးသပ်ထားကြပါတယ်။

အဲဒီလိုပဲ အမေရိကန်၊ ဥရောပ စတဲ့ ကျွန်တော်တို့ရဲ့ ဒီဘက်က သူတို့ရဲ့ အထွေထွေ အကျိုးစီးပွား မဟာဗျူဟာ ဟာ အာရှနဲ့ ပစိဖိတ်ဒေသကို အာရုံစူးစိုက်နေကြတယ် ဆိုတာကို ထင်ထင်ရှားရှား တွေ့လာကြရပြီ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဘက်မှာရှိတဲ့ တရုတ်ပြည်ဟာလည်းပဲ သူ့ရဲ့ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှု အင်မတန်ကြီးမားလာမှုနဲ့အတူ ၎င်းရဲ့ မဟာဗျူဟာ ဟာ တောင်မျှော် မူဝါဒ ကျွန်တော်တို့ South Hope Policy ကနေ ကျွန်တော်တို့ Two Ocean Policy ဒါ သမုဒ္ဒရာနှစ်စင်းပေါ်လစီကို ချမှတ်ပြီးကာမှ အလျင်အမြန် အကောင်အထည်ဖော်တာကို တွေ့ရပါတယ်။ အဲဒီလိုပဲ အိန္ဒိယကို ပြန်ကြည့်တဲ့အခါမှာလည်းပဲ ကျွန်တော်တို့ရဲ့ Look East Policy ပြန်ချပြီးကာမှ အိန္ဒိယသမုဒ္ဒရာရဲ့ ချိန်ခွင်လျှာကို ပြန်ထိန်းဖို့ ချဉ်းကပ်တာစူနေပြီ ဆိုတာကို တွေ့ကြရပါတယ်။

အဲဒီတော့ ဒီဆက်ကြောင်းတွေကြားမှာရှိတဲ့ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံကို ပြန်ကြည့်တဲ့အခါမှာ သယံဇာတ ပေါကြွယ်ဝပါတယ်။ ပေါကြွယ်ဝသလောက်၊ နယ်မြေကျယ်ဝန်းသလောက် ကျွန်တော်တို့ရဲ့ လူဦးရေဟာ အင်မတန် နည်းပါးပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ပြန်ကြည့်တဲ့ အခါမှာ ခုနက တိုင်းရင်းသားမျိုးစုံ ရှိသလောက်၊ ကျွန်တော်တို့ရဲ့ ညီညွတ်မှုဟာ လျော့ရဲနေတာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီ တောင်အာရှနဲ့ အရှေ့တောင်အာရှရဲ့ ဆက်ကြောင်းပေါ်မှာ ကျွန်တော်တို့နိုင်ငံတည်ရှိ၊ ခွစီးနေတာကိုက ကျွန်တော်တို့နိုင်ငံရဲ့ အဓိက မဟာဗျူဟာ အင်မတန် အရေးကြီးနေပြီ ဆိုတာကို ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

အဲဒီလိုပဲ ဒီဘက်က ကမ္ဘာ့စံနှုန်း အမြင့်ဆုံး လူဦးရေတိုးပွားမှုနဲ့ ပေါက်ဖွားနေတဲ့ တရုတ်ရယ်၊ အိန္ဒိယရယ်၊ ဘင်္ဂလားဒေ့ရှ်ရယ်၊ လူဦးရေဆက်ကြောင်း(၃)ခုကြားမှာ ညှပ်ပိတ်မိနေတာကိုလည်း ကျွန်တော်တို့ သတိထားဖို့ လိုပါတယ်။ အဲဒီလိုပဲ ကမ္ဘာတစ်ဝန်းမှာ ဒီနေ့ ကျွန်တော်တို့ တွေ့နေကြတဲ့ Islamization နဲ့ တခြားဘာသာတွေ ထိတွေ့မှု အကွက်ချမှုလေးတွေကြားမှာ အင်မတန် သတိထားပြီး ကျွန်တော်တို့ ပစ္စက္ခအခြေအနေကို ထိန်းညှိနေကြတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သိရမှာဖြစ်သလို ကျွန်တော်တို့ရဲ့ ဆက်ကြောင်းကြီးပေါ်မှာရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ခံကတုတ်ကိုလည်း မဟာဗျူဟာအရ ဘယ်လိုတည်ဆောက်ကြရမလဲဆိုတဲ့ ရည်မှန်းချက်တွေရှိဖို့ လိုအပ်ပြီးလည်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံဒီမိုကရက်တစ်အရွေ့ရဲ့(၂)နှစ်ခွဲကာလ ခရီးတိုလေးကို ပြန်ကြည့်တဲ့အခါမှာ စိန်ခေါ်မှုတွေဟာ ကျွန်တော် အထက်က တင်ပြခဲ့သလို အများကြီး ရှိနေပြီဆိုတာကို ကျွန်တော်တို့နိုင်ငံကို ချစ်တဲ့သူတိုင်း၊ နိုင်ငံရဲ့ အမျိုးသားလုံခြုံရေး မဟာဗျူဟာကို တွေးမိတဲ့လူတိုင်း ကျွန်တော်တို့ ဆင်ခြင်အသိနဲ့ ကျွန်တော်တို့ရဲ့ ခြိမ်းခြောက်မှုတွေကို ဘယ်လို ချဉ်းကပ်မလဲ ဆိုတဲ့နေရာမှာ ပါတီစုံဒီမိုကရေစီစနစ်အရ နိုင်ငံရေးပါတီတွေကို တည်ထောင်ခွင့် ပေးတဲ့အခါမှာ မူဝါဒတို့၊ ရည်မှန်းချက်တို့ ဘယ်လောက်ပဲရှိရှိ ဒီမဟာဗျူဟာ ရည်မှန်းချက်ကို ဦးတည်သွားကြရမယ် ဆိုတာကို ကျွန်တော်တို့ ဒါ သတ်မှတ်ပေးကြရမှာ ဖြစ်ပါတယ်။ ပါတီတိုင်းက။ အဲဒီလိုပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးပါတီများအားလုံးရဲ့ ရည်မှန်းချက်ဟာ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာ သုံးရပ်အပေါ်မှာ ချုပ်ကိုင်နိုင်ဖို့အတွက် နိုင်ငံရေးနည်းဗျူဟာကို ချမှတ်ပြီးကာမှ သူ့ရဲ့ ပါတီစည်းရုံးရေးတွေလုပ်၊ ပါတီမူဝါဒလုပ်ငန်းစဉ်များကို ချမှတ်ပြီးကာမှ ဆောင်ရွက်ရတဲ့

အဖွဲ့အစည်းပုံသဏ္ဌာန် ဖြစ်တာမို့လို့ ပါတီကို ဦးဆောင်တာဖြစ်ဖြစ်၊ ပါတီရဲ့ မူဝါဒစည်းမျဉ်းစည်းကမ်း၊ ရည်မှန်းချက်ဖြစ်ဖြစ်၊ ပါတီဝင်ထုသည်ပင်လျှင် ခုနက အမျိုးသားလုံခြုံရေးမဟာဗျူဟာနဲ့ ကျွန်တော်တို့ရဲ့ အမျိုးသားအကျိုးစီးပွားပေါ်မှာ တိုက်ရိုက်စပ်ဆက်မှုရှိတယ်ဆိုတာကို ကျွန်တော်တို့ ဒါ သုံးသပ်ကြရမှာပဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ တည်ဆဲ၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ပြန်ကြည့်ဖို့လည်း လိုပါတယ်။ အဲဒီလိုပဲ တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၈၂ နိုင်ငံသားဥပဒေနဲ့ အတူ ခုနက နိုင်ငံရေးချိန်ခွင်လျှာထိပ်ကို ကျွန်တော်တို့ ဝင်လာခဲ့ ကြတဲ့ ပါတီတည်ထောင်ခွင့်နဲ့ ပတ်သက်တဲ့ နိုင်ငံရေးပါတီတည်ထောင်ခွင့် ဥပဒေ၊ ပြီးခဲ့တဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀ ကို ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့ အင်မတန်အလွန်အန္တရာယ် ကြီးမားတဲ့ ခုနက အခန်း ၂ မှာ ပုဒ်မ တချို့ကို ဖွင့်ဆိုထားတာကို တွေ့ကြရပါတယ်။ အဲဒါကတော့ဖြင့် ပုဒ်မ ၄(က)၊ ပုဒ်မ ၅(ဃ)နဲ့ ပုဒ်မ ၁၀(က)မှာ ပါတဲ့ အချက်တွေဖြစ်ပါတယ်။ အဲဒီမှာ ပါတီတည်ထောင်လိုသူများဆိုတဲ့ ပုဒ်မကို ပုဒ်မ ၄(က) နဲ့ ဖွင့်ထားပါတယ်။ အဲဒီမှာ နိုင်ငံသားမဖြစ်သေးတဲ့၊ မဟုတ်သေးတဲ့ ပုဂ္ဂိုလ်တွေ၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူတို့ကို ပါတီတည်ထောင်ခွင့် ခွင့်ပြုထားပါတယ်။

အဲဒီလိုပဲ ပါတီဝင်အဖြစ် စည်းရုံးခွင့်နဲ့ပတ်သက်လို့ ပုဒ်မ ၁၀(က)မှာ ဖွင့်ဆိုထားတာက နိုင်ငံသားလည်းမဖြစ်သေးဘူး၊ နိုင်ငံသားပင် မဟုတ်သေးတဲ့ ပုဂ္ဂိုလ်တွေ၊ ဧည့်နိုင်ငံသား နိုင်ငံသားပြုခွင့် သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူတို့ကို ခွင့်ပြုထားတာကို တွေ့ကြရပါတယ်။ အဲဒီတော့ နိုင်ငံတော်အချုပ်အခြာအာဏာအတွက် အလွန်အရေးကြီးတဲ့ နိုင်ငံ့ကံကြမ္မာကို ဆွေးနွေးကြတယ်၊ ငြင်းခုန်ကြတယ်၊ ခုနကလို အုပ်ချုပ်ရေးပိုင်းမှာပါကြမယ်၊ ခုနလို ဥပဒေပြုမှုမှာ ပါကြမယ့် ဒီ ပုဂ္ဂိုလ်တွေရဲ့ကဏ္ဍဟာ၊ နိုင်ငံရေးပါတီများရဲ့ကဏ္ဍဟာ အင်မတန်မှ အရေးကြီးတာ မို့လို့ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှာ ဘယ်လိုဖွင့်ဆို ထားသလဲ ဆိုရင် ပြီးခဲ့တဲ့နေ့က ဦးလှဆွေ တင်ပြခဲ့သလိုပါပဲ နိုင်ငံရေးပါတီတစ်ရပ်သည် ၄၀၄(က) မှာပါ၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ဦးတည်ချက်ထားရှိရမည်လို့ ဖွင့်ပါတယ်။ အဲဒီလိုပဲ ၄၀၄(ခ)မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်ဆိုပြီးတော့ ဖွင့်ဆိုပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးနဲ့ ကြွရောက်လာကြတဲ့ ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံသားမဖြစ်သေးသူများသည် မွေးရာပါနိုင်ငံသား တိုင်းရင်းသားများကဲ့သို့ တို့တာဝန် အရေးသုံးပါးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ခုနက ပြည်ထောင်စုမပြိုကွဲရေးဆိုတဲ့ ဦးတည်ချက်၊ နိုင်ငံ့ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်းဆိုတဲ့ အချက်အလက်တွေကို ဘယ်လောက်အထိ ခုနက စဉ်းစားချင့်ချိန်ကြည့်ရုံနဲ့ ဘယ်လောက် အထိ အာမခံချက်ရှိနိုင်မလဲ၊ နိုင်ငံသားမဖြစ်သေးတဲ့ ပုဂ္ဂိုလ်တွေ၊ ဒီ ခုနက နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဘယ်လောက်အထိ စောင့်သိရိုသေမလဲ ဆိုတာကို တွေးကြည့် ရုံနဲ့ ကျွန်တော်တို့ သိနိုင်ပါတယ်။

အဲဒါကြောင့် နိုင်ငံရေးပါတီများရဲ့ မူဝါဒရည်မှန်းချက်များဟာ အမျိုးသားလုံခြုံရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် အင်မတန်ကိုမှ ဦးတည်ချက် ခိုင်ခိုင်မာမာရှိဖို့လိုအပ်တယ်ဆိုတာကို ကျွန်တော် ထပ်လောင်းတင်ပြချင်ပါတယ်။ အဲဒီတော့ ပါတီတည်ထောင်လိုသူများ၊ တည်ထောင်သူများ၊ ပါတီဝင်များဟာ ပြည်ထောင်စုအပေါ် အမျိုးသားသစ္စာရှိမှု အမြင့်ဆုံးအဆင့်မှာရှိဖို့ လိုအပ်ပါတယ်။ အဲဒါကြောင့်မို့လို့ မေးရာပါ နိုင်ငံသားမဟုတ်လျှင်တောင်မှ ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဟာ အနိမ့်ဆုံးဖြစ်ဖို့ လိုအပ်ပါတယ်။

အဲဒီတော့ နိုင်ငံသားဆိုတဲ့ အဓိပ္ပာယ်နဲ့ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှာ ပုဒ်မ ၃၄၅ နဲ့ ဖွင့်ဆိုထားတာရှိပါတယ်။ ၃၄၅(က)ကို ကျွန်တော် တင်ပြချင်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ ၃၄၅ ပုဒ်မခွဲ (ခ)မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဟု ပြဋ္ဌာန်းထားပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံရေးပါတီတည်ထောင်တဲ့အခါမှာ ပါတီစုံရွေးကောက်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်အရွေးခံဖို့အတွက် ကျွန်တော်တို့ နိုင်ငံရေးပါတီကိုတည်ထောင်တာဖြစ်ပါတယ်။ ပါတီ တစ်ခုခု တည်ထောင်ပြီးကာမှ ကျွန်တော်တို့ရဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေကို ပုဒ်မ ၁၂(က)(၁)မှာ တကယ်လို့များ နိုင်ငံရေးပါတီတည်ထောင်ပြီးကာမှ ခုနက ရွေးကောက်ခံမယ့် ခုနက မဲဆန္ဒနယ်(၃)ခုမှာ ယှဉ်ပြိုင်ခြင်းမရှိလို့ရှိရင် ဒီပါတီတွေအကုန်လုံးဟာ ခုနက ပါတီမှတ်ပုံတင်ခြင်း ဘဝကနေ ပယ်ဖျက်ပြီး ဖြစ်တယ်ဆိုတဲ့သဘောက ဒီပါတီတည်ထောင်တာကိုက ရွေးကောက်ပွဲမှာ ရွေးကောက်ခံဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ ခုနက ကျွန်တော်တို့ ဖွဲ့စည်းကြတယ်ဆိုတာ ထင်ရှားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ခုနက ၃၆၉(က)အရ နိုင်ငံသားများ၏ အခွင့်အရေးဟာ ခုနက မဲပေးခြင်း၊ မဲပေးပြီးကာမှ အရွေးကောက်ခံခြင်းဟာ နိုင်ငံသားတို့ရဲ့ အခွင့်အရေးပဲ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံသားမဟုတ်သူများရဲ့ အခွင့်အရေးများဟာ ခုနကလို ၃၆၉(က)အရ ကျွန်တော်တို့ ပေးထားခြင်းမရှိပါဘူး။

အဲဒီတော့ ၃၆၉(က)မှာ ဘယ်လိုဖွင့်ဆိုထားလဲဆိုရင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေ၌ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ နိုင်ငံသားတိုင်းသည် ဆိုတာကို ခုနက လွှတ်တော်အမတ်ကြီးတွေ သတိထားဆင်ခြင် မိလို့ရှိရင် နိုင်ငံသားတိုင်းသည် ခုနက ရွေးကောက်တင်မြှောက်ခံရမယ့်နေရာမှာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသလို ခုနက ရွေးကောက်တင်မြှောက်ခွင့်လည်းရှိတယ်ဆိုတဲ့ ပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)ဟာ နိုင်ငံသားဆိုတဲ့ အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့်လေး ဖွင့်ဆိုထားတာဖြစ်ကြောင်း တင်ပြချင်ပါတယ်။

အဲဒီလိုပဲ ၁၉၈၂ နိုင်ငံသားဥပဒေကို ပြန်ကြည့်တဲ့အခါမှာ နိုင်ငံသား ဘယ်သူတွေဖြစ်သလဲဆိုတာကို ဖွင့်ဆိုထားတာ ရှိပါတယ်။ ပုဒ်မ ၂(ခ)မှာ နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုသည်။ ပုဒ်မ ၃ မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်စတဲ့ တိုင်းရင်းသားများနဲ့ မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်တယ်လို့ ဖွင့်ဆိုထားပါတယ်။ အဲဒီလိုပဲ ပုဒ်မ ၅ မှာ

တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများသည်လည်းကောင်း၊ မွေးရာပါနိုင်ငံသားဖြစ်သည် ဆိုပြီးကာမှ ဖွင့်ဆိုထားတာရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၄(က)၊ ပုဒ်မ ၅(ဃ)နဲ့ ပုဒ်မ ၁၀(က) ပါ ပြဋ္ဌာန်းချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၉ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၄၅ ပုဒ်မခွဲ(က)(ခ)နဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၂(ခ)၊ ပုဒ်မ ၃၊ ပုဒ်မ ၅ တို့နဲ့ ညီညွတ်ဖို့အတွက် ကျွန်တော် ဒီ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို တင်သွင်းရခြင်း ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံသားအကျိုးစီးပွားကို ကာကွယ်နိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအေးမောင် ရဲ့ အဆိုကို လွှတ်တော်မှာ လက်ခံစဉ်းစားရန် သင့်၊ မသင့် ကန့်ကွက်တဲ့သူ ရှိတဲ့အတွက် လွှတ်တော်ရဲ့ သဘောထားကိုရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃) အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

ဒါကြောင့် လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နေရာများမှာ ယခု မတ်တပ်ရပ်ပြကြပါ။ (၁၀၇)၊ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံတဲ့ လွှတ်တော် ကိုယ်စားလှယ်(၁၀၇)ဦးရှိပြီး သတ်မှတ်ထားတဲ့ အရေအတွက်ထက် ကျော်လွန်တဲ့အတွက် ဒေါက်တာအေးမောင် တင်သွင်းတဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၉-၈-၂၀၁၃ ရက် (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးမြင့်ထွန်း (ဥပဒေကြမ်းကော်မတီဝင်)။** ။မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဦးမြင့်ထွန်း က ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းဥပဒေကြမ်းနှင့် စပ်လျဉ်းလို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၇)ဦးရဲ့ အကြံပြုချက်အပေါ်မှာ ပြန်လည်စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ဒီဥပဒေကြမ်းကို ဇူလိုင်လ ၄ ရက်နေ့က ပြင်ဆင်ချက်တွေနဲ့ အတည်ပြုပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကို ဆွေးနွေးဖို့ ပို့လိုက်တာပါ။ ကျွန်တော်တို့ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေကြမ်းကို ဇူလိုင်လ ၂၄ ရက်နေ့မှာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နဲ့ အစည်းအဝေး ထိုင်ပါတယ်။ ဇူလိုင်လ ၂၆ ရက်နေ့မှာ ပြန်ကြားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး အပါအဝင် တာဝန်ရှိသူတွေနဲ့ အစည်းအဝေး ထိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ကော်မတီရဲ့ အစီရင်ခံစာကိုလည်းပဲ ဩဂုတ်လ ၁၉ ရက်နေ့မှာ အမျိုးသားလွှတ်တော် အစည်းအဝေးကို တင်ပြခဲ့ပါတယ်။ ဩဂုတ်လ ၂၃ ရက်နေ့မှာတော့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက ဒီဥပဒေကို အကြံပြု ဆွေးနွေးခဲ့ကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာတွေ့ရှိချက်တွေ တင်ပြပါမယ်။ ဒီဥပဒေကြမ်းကို ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ် (၇)ဦးကတော့ ဦးစောထွန်းမြအောင်၊ ဒေါ်ခင်ဝိုင်းကြည်၊ ဦးခင်မောင်လတ်၊ ဦးခင်မောင်ရီ၊ ဦးလှဆွေ၊ ဦးဖုန်းမြင့်အောင် နဲ့ ဦးမင်းဦး တို့ ဖြစ်ပါတယ်။ ဩဂုတ်လ ၂၄ ရက်နေ့ စနေနေ့မှာ ကျွန်တော်တို့ ညနေပိုင်းအထိ ဆွေးနွေးခဲ့ကြပြီးတော့ သဘောတူညီချက်တချို့လည်းရရှိခဲ့ပါတယ်။ အချက် (က)အနေနဲ့ တင်ပြပါမယ်။ ဦးခင်မောင်ရီ နဲ့ ဦးလှဆွေ တို့ရဲ့ အကြံပြုဆွေးနွေးတာက စည်းကမ်းချက်တွေဖြစ်ပါတယ်။ ပုံနှိပ်သူနဲ့ ထုတ်ဝေသူတွေ တိတိကျကျလိုက်နာဖို့ စည်းကမ်းတွေ ကျွန်တော်တို့ လိုက်နာကြရအောင် ဥပဒေကြမ်းရဲ့ ပြင်ဆင်ချက် ပုဒ်မ ၁၀ ပုဒ်မခွဲ(ဃ)ကို ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့အတိုင်း ပုဒ်မ ၇ ပုဒ်မခွဲ (ဃ) အတိုင်းပဲ ပြန်ပြီးတော့ အတည်ပြုပေးဖို့ ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက် ပုဒ်မ ၁၀ ပုဒ်မခွဲ(င)ဟာ လက်တွေ့မှာ အငြင်းပွားဖွယ်စရာတွေရှိနေလို့ မဖြည့်စွက်တော့ဘူးလို့ ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။ အချက်(ခ)အနေနဲ့

ဦးမင်းဦး ရဲ့ အကြံပြုဆွေးနွေးချက်ကတော့ တရားစီရင်ရေးအပိုင်းပါခင်ဗျာ။ တရားရုံးရဲ့ ဆုံးဖြတ်ချက်နဲ့ပဲ သံသယရှိတဲ့ ထုတ်ဝေစာတွေကို ဖြန့်ချိခြင်းမပြုဘဲနဲ့ ဆိုင်းငံ့ထားနိုင်အောင်လို့ ပြင်ဆင်ချက် ပုဒ်မ ၁၂ ကို လျှောက်ထားလျှာ လက်ခံရရှိသော တရားရုံးသည် တရားဝင် ထုတ်ဝေစာ မဟုတ်ကြောင်း အမိန့်တစ်စုံတစ်ရာ မချမှတ်မီ လျှောက်ထားခံရသော ထုတ်ဝေစာကို ဖြန့်ချိခြင်း မပြုရန် ယာယီတားဝရမ်း ထုတ်ဆင့်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်လို့ ပြင်ဆင်ကြဖို့ သဘောတူခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ အရင်က ဝန်ကြီးဌာနက ဆိုင်းငံ့ရမယ်လို့ ဒါ ဆိုထား တာကို ပြင်လိုက်တာ ဖြစ်ပါတယ်။ အချက် (ဂ) တင်ပြပါမယ်။ ဦးဖုန်းမြင့်အောင် ကတော့ ခေတ်စနစ် တွေ တိုးတက်လာပြီဖြစ်တဲ့အတွက် ပုံနှိပ်တဲ့ လုပ်ငန်းဆိုတာဟာ နေရာကျဉ်းကျဉ်းလေးနဲ့ လုပ်နိုင်တဲ့ အကြောင်း၊ ပုံနှိပ်သူတွေဟာ ဒီဥပဒေကို လိုက်နာဖို့ မလိုတော့ဘူးလို့ ယူဆတဲ့အကြောင်း၊ ဒါကြောင့် ဥပဒေကြမ်းမှာ ပုံနှိပ်ခြင်းနဲ့ ဆိုင်တဲ့ စကားရပ်တွေ၊ ပုံနှိပ်သူနဲ့ဆိုင်တဲ့ စကားရပ်တွေ ပယ်ဖျက်သင့်တဲ့ အကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဖုန်းမြင့်အောင် ရဲ့ ဆွေးနွေးချက်တွေကို ကျွန်တော်တို့ ပြန်ကြည့် လိုက်လို့ရှိရင် ပုံနှိပ်ခြင်းလုပ်ငန်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်းတို့ဟာ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက် ရတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ ထုတ်ဝေခြင်းလုပ်ငန်းတွေမှာလည်း ထုတ်ဝေသူတွေကိုပဲ လုပ်ငန်း အသိအမှတ်ပြု လက်မှတ်ရယူရမှာ မဟုတ်ဘဲနဲ့ ပုံနှိပ်ခြင်းလုပ်ငန်းတွေမှာ ပုံနှိပ်သူတွေကိုလည်း ဒီဥပဒေမှာ ပါတဲ့ ပြဋ္ဌာန်းချက်တွေကို လိုက်နာဖို့ သင့်တဲ့အကြောင်း ကျွန်တော်တို့ ရှင်းပြပါတယ်။ ဒီဥပဒေကြမ်းကို စပြီးတော့ ဆွဲကတည်းကပဲ သက်ဆိုင်တဲ့ ဒီဝန်ကြီးဌာနက အသေးစိတ်စဉ်းစားပြီး တော့မှ တင်ပြလာခဲ့တာကို ကျွန်တော်တို့ လေ့လာတွေ့ရှိထားပါတယ်။ အဲဒီတော့ ဒီအချက်ကို ကျွန်တော်တို့ ကော်မတီကလည်း လက်ခံသဘောတူခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ ဦးဖုန်းမြင့်အောင် ကြားမှာ ဒီအချက်ဟာ ညှိနှိုင်းလို့ မရခဲ့ပါဘူး။ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ရယူဖို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ အချက်(က)အနေနဲ့ တင်ပြရရင် ဒီတစ်ချက်ကလွဲလို့ ကျွန်တော်တို့တွေဟာ ညှိနှိုင်းလို့ တော်တော်လေးတွေ ရခဲ့တာရှိပါတယ်။ သီးခြား ပြင်ဆင်ဖြည့်စွက်ဖို့ မလိုတော့ပါဘူး။ ကျွန်တော်တို့ ကော်မတီရဲ့ ပြင်ဆင်ချက်တွေမှာလည်း ပါရှိပြီး ဖြစ်ပါတယ်။ တချို့အချက်တွေကလည်း နည်းဥပဒေတွေမှာ ပြဋ္ဌာန်းလို့ရမှာ ဖြစ်တဲ့အတိုင်းပဲ ဒါကြောင့်မို့လို့ ပြင်ဆင်ချက်တွေအတိုင်းပဲ ထားရှိဖို့ ညှိနှိုင်းသဘော တူညီခဲ့ကြပါတယ်။ ကော်မတီရဲ့ သဘောထားမှတ်ချက် တင်ပြပါမယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်တွေနဲ့ ကျွန်တော်တို့ လွှတ်တော်ကို ပို့လိုက်တဲ့ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအပေါ်မှာ ကိုယ်စားလှယ် (၇)ဦးရဲ့ တင်ပြချက်တွေထဲက ကျွန်တော်တို့ ကော်မတီနဲ့ သဘောတူတဲ့ ပြင်ဆင်ချက်တွေ တချို့ ရှိပါတယ်။ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဃ)ကို ပြည်သူ့လွှတ်တော်က အတည်ပြုတဲ့ ပုဒ်မ ၇ ပုဒ်မခွဲ(ဃ)အတိုင်း ထားရှိအတည်ပြုပေးဖို့ ပုဒ်မ ၁၀ ပုဒ်မခွဲ(င)ကို ဖြည့်စွက်ခြင်း မပြုဖို့ ပုဒ်မ ၁၂ ကို ပြင်ဆင်ဖို့ ဦးမင်းဦး ရဲ့ တင်ပြချက်တွေဟာ အကျိုးအကြောင်း ညီညွတ်တဲ့အတွက် ပြင်ဆင်ဖို့ သဘောတူခဲ့ ကြပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးဖုန်းမြင့်အောင် နဲ့ ညှိနှိုင်းလို့ မရတဲ့တစ်ချက်က သူပြောတဲ့ အတိုင်း တင်ပြရမယ်ဆိုရင် ပုံနှိပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည့် ပုံနှိပ်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း မရှိသည့်အတွက် ဥပဒေကြမ်းတွင် ပုံနှိပ်ခြင်းနှင့် သက်ဆိုင်သော စကားရပ်များ ပုံနှိပ်သူနှင့် သက်ဆိုင်သော စကားရပ်

များကို ပယ်ဖျက်ပေးရန်ဆိုတဲ့ တင်ပြချက်ကိုတော့ အမျိုးသားလွှတ်တော်ကပဲ အဆုံးအဖြတ်ပြုပေးဖို့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကို လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊ အပိုဒ် ၂(က)၊(ဍ)၊(၂)(၃)၊(ဎ)၊(ဏ)

၂။ (က) ပုံနှိပ်စက် ဆိုသည်မှာ အများနှင့်သက်ဆိုင်သော ဆက်သွယ်မှုလုပ်ငန်းအတွက် ပုံနှိပ်ရန် အသုံးပြုသည့် စက်၊ အီလက်ထရောနစ်နည်းပညာ သို့မဟုတ် လေဆာအသုံးပြု ပုံနှိပ်ယန္တရား၊ စက်ကိရိယာ အသုံးအဆောင်နှင့် အခြားနည်း အသုံးပြုသော ပုံနှိပ်စက်ယန္တရားစုကို ဆိုသည်။

(စ) ညစ်ညမ်းစာ ဆိုသည်မှာ ဟီရိသြတ္တပ္ပ ကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော -

(၂) ကာမရာဂကို လှုံ့ဆော်ရာ ရောက်သော အကျင့်ပျက်ပြားစေသည့် သရုပ်ဖော်ပုံများ၊ စာများ၊ ဓာတ်ပုံနှင့် ပန်းချီများ၊

(၃) ရုန့်ရင်းကြမ်းတမ်းသော ဆဲရေးတိုင်းထွာသည့် အသုံးအနှုန်းများနှင့် ရုပ်ပုံများကို ဖော်ပြခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဇီဝသိပ္ပံနှင့် ဆေးပညာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံနှင့် ကိုးကွယ်ရာဘာသာအရ လည်းကောင်း သဘောရိုးဖြင့် ဖော်ပြရန် လိုအပ်သော ကိစ္စရပ်များ မပါဝင်။

(ဇ) ဝန်ကြီး ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကို ဆိုသည်။

( ဈ ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြန်ကြားရေး ဝန်ကြီးဌာနကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)၊(ဍ)(၂)(၃)၊(ဎ)၊(ဏ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)၊ (စ)(၂)(၃)၊(ဇ)၊(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အခန်း(၂)၊ အပိုဒ် ၃၊ ၄၊ ၅

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ နိုင်ငံတော်အတွင်း၌ အရည်အသွေး အဆင့်အတန်းမီ၍ ကျင့်ဝတ်သိက္ခာရှိသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းများ ဖြစ်ထွန်းရေးကို ဦးတည်ရန်။

၄။ ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိတို့၏လုပ်ငန်းများကို တည်ငြိမ်ခိုင်မာစွာ ဆောင်ရွက်နိုင်ရန်အတွက် ခေတ်နှင့်လျော်ညီသော သီးခြား လုပ်ငန်းဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းရန်။

၅။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ရေးသားဖြန့်ဝေခွင့်တို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်စေရန် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃၊ ၄၊ ၅ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃၊ ၄၊ ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက

အခန်း(၁)၊ အပိုဒ် ၂(စ)(ဆ)(ဇ)(ဈ)(ည)(ဍ)၊

အခန်း(၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၀၊

အခန်း (၅) အပိုဒ် ၁၂၊ ၁၄၊ ၁၅၊ ၁၆၊

အခန်း(၆) အပိုဒ် ၁၈၊ ၁၉၊

အခန်း(၇)၊ အပိုဒ် ၂၄ နှင့်

အခန်း(၈)၊ အပိုဒ် ၂၅၊ ၂၆(က)၊ ၂၇၊ ၂၈၊ ၂၉ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(စ) (ဆ)(ဇ)(ဈ)(ည)(ဋ)၊ အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၀၊ အခန်း (၅) အပိုဒ် ၁၂၊ ၁၄၊ ၁၅၊ ၁၆၊ အခန်း(၆) အပိုဒ် ၁၈၊ ၁၉၊ အခန်း(၇)၊ အပိုဒ် ၂၄ နှင့် အခန်း(၈)၊ အပိုဒ် ၂၅၊ ၂၆(က)၊ ၂၇၊ ၂၈၊ ၂၉ တို့ကို ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၂)၊ အပိုဒ် ၃၊ ၄၊ ၅၊ ၆

အခန်း (၃)

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို အသိအမှတ်ပြုခြင်း

၆။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသော ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သော အချက်အလက်များ ပြည့်စုံ မှန်ကန်စွာဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ လျှောက်ထားလာသူကို သတ်မှတ်သော အခကြေးငွေအား ပေးသွင်းစေပြီးလျှင် သတ်မှတ် ကာလအတွက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၈။ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကို ရရှိရန် မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ ဖြစ်စေ၊ လျှောက်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီးဌာနသည် ယင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်။

၉။ ပုဒ်မ ၈ အရ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ခံရသူသည် ဝန်ကြီးထံသို့ ပြန်လည်စိစစ်သုံးသပ်ပေးနိုင်ရန်အတွက် သတ်မှတ်ကာလအတွင်း လျှောက်ထားခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပုံနှိပ်ခြင်းလုပ်ငန်း ဥပဒေနဲ့ ပုံနှိပ်သူ မှတ်ပုံတင်ရမယ့် ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် အနည်းငယ် ခေတ်စနစ်နဲ့လျော်ညီစွာ ကျွန်တော် ရှင်းလင်းတင်ပြပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အမေရိကန်နိုင်ငံမှာ သမ္မတ အီဗရာဟင်လင်ကွန်း လုပ်ကြံခံရပါတယ်။ သူ လုပ်ကြံခံရတဲ့ သတင်းစာပါတဲ့ သတင်းစာဟာ ဥရောပကို ရောက်ဖို့အတွက် ပင်လယ်ရေကြောင်းခရီးကို ဖြတ်ရတဲ့

အတွက် ရက်ပေါင်း(၂၀)လောက် ကြာပါတယ်။ ဒါကြောင့် ဒီသတင်းကို ဥရောပက လူတွေ သိဖို့ အတွက် ရက်(၂၀)ကျော် ကြာခဲ့ပါတယ်။ ဒါပေမဲ့ တလောက အမေရိကန်မှာ 911 အရေးအခင်း ဖြစ်တဲ့အခါမှာတော့ ပထမဦးဆုံး တိုက်လေယာဉ်ပျံဟာ ပထမဆုံး အဆောက်အအုံကို တိုက်ပြီး မိနစ်ပိုင်းအတွင်းမှာပဲ ကမ္ဘာသူကမ္ဘာသားတွေ အားလုံး Online ကနေ ကြည့်နိုင်ပါပြီ။ ဒုတိယ လေယာဉ်ပျံဟာ ဒုတိယအဆောက်အဦကို တိုက်တဲ့အခါမှာတော့ အချိန်နဲ့တစ်ပြေးညီ သိရှိသွားပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိအိန္ဒိယနိုင်ငံမှာ ရုံးလုပ်ငန်းလုပ်နေတဲ့ အဖွဲ့အစည်း တွေ ရှိပါတယ်။ သူတို့ ရုံးလုပ်ငန်း လုပ်နေတဲ့ အဖွဲ့အစည်းတွေဟာ သူတို့နိုင်ငံက ကုမ္ပဏီဟာ သူတို့ နိုင်ငံမှာ မရှိပါဘူး။ ဥရောပမှာရှိတဲ့ ကျွန်တော်တို့ ကုမ္ပဏီအဖွဲ့အစည်းတွေရဲ့ ရုံးလုပ်ငန်း Paper Job ကို သူတို့ လုပ်နေရတာပါ။ အဲဒီတော့ ဒီနေ့ ကမ္ဘာကြီးကို ကျွန်တော်တို့ အတိုဆုံး အရှင်းဆုံးနဲ့ အဓိပ္ပာယ်ဖွင့်ရလို့ရှိရင် ကမ္ဘာကြီးရဲ့ အဓိပ္ပာယ်ဟာ on line၊ In time၊ no space လို့ ပြောရမှာပါပဲ ကမ္ဘာကြီးရဲ့ ပိုက်ကွန်ထဲမှာ ရောက်နေပါပြီ။ ကျွန်တော်တို့နိုင်ငံက ဆက်သွယ်ရေးက လက်ရှိအချိန် မှာတော့ အတိုင်းအတာတစ်ခုတော့ ခေတ်နောက်ကျနေတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးဟာ International Professional Player တွေနဲ့ ကျွန်တော်တို့ ပြေးလမ်းထိပ်မှာ တာစူနေပါပြီ။ မနက်ဖြန်၊ သန်ဘက်ခါမှာ ကျွန်တော်တို့ ဆက်သွယ်ရေးကဏ္ဍသစ်ကို ဖွင့်လှစ် ရမှာပါ။ ဒီဖွင့်လှစ်တာနဲ့တစ်ပြိုင်နက်တည်း ကျွန်တော်တို့နိုင်ငံမှာလည်း ဥပမာ - ရန်ကုန်မြို့မှာရှိတဲ့ ထုတ်ဝေသူတစ်ယောက်က မန္တလေးမှာရှိတဲ့ အယ်ဒီတာ တစ်ယောက်ကို ကျွန်တော်တို့ Command ပေးလို့ရပါပြီ။ စာမူတစ်ခုကို ဖန်တီးပေးဖို့၊ မန္တလေးမှာရှိတဲ့ အယ်ဒီတာဟာ ကျွန်တော်တို့ ပြည်တွင်း ပြည်ပမှာရှိတဲ့ သတင်းအေဂျင်စီ အဖွဲ့အစည်းတွေ၊ နောက် ကျွန်တော်တို့ စာမူတစ်ခုကို အလွယ်တကူ ကွန်ပျူတာနဲ့ ဖန်တီးနိုင်ပါပြီ။ ရရှိတဲ့ စာမူကို ထုတ်ဝေစာကို အွန်လိုင်းစနစ်နဲ့ပဲ ထုတ်ဝေသူကို အချိန် မဆိုင်း ပေးနိုင်ပါပြီ။ ထုတ်ဝေသူဟာ ရရှိတဲ့ စာမူကို ပြည်တွင်းမှာရှိတဲ့ ပုံနှိပ်သူများကို အွန်လိုင်း ကနေပြီးတော့ ပေးဖို့အတွက် Ready ဖြစ်နေပါပြီ။ ဒါဟာ ထုတ်ဝေသူတွေအတွက် လက်ရှိ နည်းပညာကြောင့် ရရှိမယ့် အခွင့်အရေးပါပဲ၊ ပုံနှိပ်သူကလည်း ဒီလိုပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၀ ခုနှစ်မှာရှိတဲ့ ပုံနှိပ်နည်းပညာနဲ့ လက်ရှိပုံနှိပ်နည်းပညာက များစွာ ကွာခြားသွားပါပြီ။ အဲဒီခေတ်ကတော့ ပုံနှိပ်စက်ထောင်ဖို့ဆိုတာ လူတိုင်း စိတ်ကူးမယဉ် နိုင်တဲ့ အိပ်မက်ပါပဲ။ ပုံနှိပ်စက်ထောင်ဖို့အတွက် ကျွမ်းကျင်သူ လူပေါင်း လေးငါးဆယ်နဲ့ ကျွန်တော်တို့ အဆောက်အဦ သုံးလေးထပ်ကြီးမှာ တစ်ချုံးချုံး တစ်ဂျိုင်းဂျိုင်းလုပ်မှ ပုံနှိပ်စာ ထွက်တာပါ။ ဒါပေမဲ့ ခုခေတ်စနစ်မှာတော့ ကျွန်တော်တို့ (၁၀)ပေပတ်လည် စာကြည့်တိုက်မှာ ကွန်ပျူတာ အကူအညီနဲ့ Online စနစ်က ရတဲ့ Soft Copy ကျွန်တော်တို့ ထုတ်ဝေစာ စာမူ ရိုက်လိုက်တာနဲ့ ပုံနှိပ်သူက ထုတ်နိုင်ပါပြီ။ ကျွန်တော်တို့ နိုင်ငံကဆိုလို့ရှိရင် အရှေ့အနောက် မိုင်ရာကျော်၊ တောင်မြောက် မိုင်ထောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အနှံ့အပြားမှာ ပုံနှိပ်စက်တွေ တည်ထောင်ဖို့ လိုနေပါပြီ။ ကျွန်တော်တို့ဆီမှာ ကျွန်တော်တို့ဟာ လက်ရှိကျင့်သုံး နေတဲ့ ထုတ်ဝေတဲ့ စာပေ ရန်ကုန်မြို့ကနေပြီးတော့ မီးရထား တစ်တန်၊ ကားတစ်တန်နဲ့ အဆင့်ဆင့် ပို့ရတဲ့ ခေတ်က ကျန်ခဲ့ပါပြီ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာ အီဗရာဟင်လင်ကွန်းခေတ်ကလို ပုံစံမျိုး ကျင့်သုံးလို့ မရတော့ပါဘူး။

ကျွန်တော်တို့ ပုံနှိပ်သူဟာ ထုတ်ဝေသူရဲ့ Online က ရတဲ့ Soft Copy နဲ့ သူက ထုတ်ဝေလိုက်ရုံပါပဲ။ သူက ပုံနှိပ်သူက ဒီတစ်မျိုးတည်း အလုပ် လုပ်နေတာ မဟုတ်ပါဘူး။ သူ့နောက်မှာ ထုတ်ဝေရမယ့်စာတွေ တန်းစီနေပါတယ်။ အခိက ပုံနှိပ်သူက အင်ဂျင်ကြီးတစ်ခုကို မောင်းနှင်နေသလိုပါပဲ။ ဒီအင်ဂျင်ကြီးက ရပ်လို့မရဘူး။ ပျံသန်းနေရမှာပါ။ ပြဿနာရှိတဲ့ ထုတ်ဝေသူကို ကျွန်တော်တို့ လမ်းမှာ ကန်ချပစ်ခဲ့ရမှာပါ။ ဒီကန်ချခံရတဲ့ ထုတ်ဝေသူဟာ သက်ဆိုင်ရာတရားရုံးမှာ သွားရောက် ဖြေရှင်းနေချိန်မှာပဲ ပုံနှိပ်သူက နောက်ထပ် Soft Copy တွေနဲ့ နောက်လာမယ့် Soft Copy တွေနဲ့ Printing လုပ်ငန်းကို လုပ်နေရမှာပါ။ မြို့ရွာအနှံ့မှာရှိတဲ့ Printing လုပ်ငန်းကို လုပ်လို့ရှိရင် ကျွန်တော်တို့ ကော့သောင်းမှာရှိတဲ့ စာမူတစ်ခုကို ပူတာအိုမှာ In Time ဖတ်နိုင်ပါလိမ့်မယ်။ ပုံနှိပ်သူကိုသာ အခွင့်အရေးပေးလိုက်ပါ။ ကျွန်တော်တို့ ကမ္ဘာကြီးက နည်းပညာနောက်ကို လိုက်နေရပြီး နည်းပညာနဲ့ သွားနေပါပြီ။ ကျွန်တော်တို့ ဥပဒေသမားတွေက နည်းပညာကို လျစ်လျူရှုလို့ မရဘူး။ နည်းပညာနောက်ကို လိုက်ရမှာပါ။

အီဗာရာဟင်လင်ကွန်းခေတ်က အတွေးအခေါ်မျိုး၊ အတွေ့အကြုံမျိုးတွေ၊ ၁၉၆၂ ခုနှစ်က နည်းပညာမျိုးတွေနဲ့ ကျွန်တော်တို့ အိပ်မက် မက်လို့ မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့ လူမျိုးဟာ လက်ရှိ Printing စာပေဖတ်ရှုမှုမှာ တော်တော်လေး အားနည်းပါတယ်။ ကျွန်တော်တို့ အရှေ့တောင်အာရှမှာ ကျွန်တော်တို့နိုင်ငံက ထုတ်တဲ့ ဂျာနယ်တွေ၊ သတင်းစာတွေ အားလုံးပေါင်းလိုက်ရင် လူဦးရေ အချိုးအစားကို တွက်လိုက်ရင် မယှဉ်နိုင်လောက်အောင် နည်းပါတယ်။ ဒါဟာ ပုံနှိပ်လောကကြီးက မဖွံ့ဖြိုးမတိုးတက်လို့ပါ။ ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့ မဖွံ့ဖြိုး၊ မတိုးတက်ပေမယ့် လက်ရှိ ကျွန်တော်တို့ Internet စနစ်တွေ၊ Online စနစ်တွေ နဲ့ Printing နည်းပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဆင်သင့် ဖြစ်နေပါပြီ။ အဆင်သင့် ဖြစ်နေတဲ့ ဥပဒေကို ဥပဒေကပဲ ခွင့်ပြုလိုက်ပါတော့၊ ဥပဒေက ခွင့်ပြုလိုက်တာနဲ့ Printing စာပေတွေ နိုင်ငံအဝှမ်းကို In Time အချိန်မီ ပျံ့နှံ့နိုင်ပါလိမ့်မယ်။ ကျွန်တော်တို့ လူမျိုးတွေက စာပေတွေ ဖတ်ရှုတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့လူမျိုးတွေရဲ့ Capacity တွေ တက်လာပါလိမ့်မယ်။ Capacity တက်လာတာနဲ့အမျှ ကျွန်တော်တို့ တည်ဆောက်တဲ့ ဒီမိုကရေစီနိုင်ငံကို တည်ဆောက်မှာပါ။ စာမဖတ်တဲ့လူမျိုး၊ စာပေမရှိတဲ့နိုင်ငံမှာ ဒီမိုကရေစီ တည်ဆောက်မယ်ဆိုရင် ကျွန်တော် ကြောက်လှပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တည်ဆောက်မယ့် ဒီမိုကရေစီနိုင်ငံကြီးရဲ့ မြင့်မားတဲ့ လူ့စွမ်းအား (Capacity) တွေ ရရှိဖို့အတွက် ပုံနှိပ်လုပ်စာပေတွေ ဖွံ့ဖြိုးဖို့ လိုပါပြီ။ ပုံနှိပ်စာပေဟာ ခုနကတည်းက အဆင်သင့် ဖြစ်နေပါပြီ။ ဒါကြောင့် ကျွန်တော်ဟာ တာဝန်ခံ ထုတ်ဝေသူ ရှိနေပါပြီ။ ဒီစာပေကို လွတ်လွတ်လပ်လပ် လုပ်ရမယ်လို့ ကျွန်တော် မဆိုလိုပါဘူး။ ဒီစာမူရဲ့ Soft Copy ရဲ့ ခေါင်းကိုင် God Father ခေါင်းကိုင်ထုတ်ဝေသူ ရှိနေပါပြီ။ သူက အရာရာ ရင်ဆိုင်ဖြေရှင်းပါလိမ့်မယ်။ အဲဒါကြောင့် ကျွန်တော်က ပုံနှိပ်သူကို ဒီဥပဒေကနေ သီးခြားခွဲထွက်ပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့သူရှိတဲ့ အတွက် စက်ခလုတ် အသုံးပြုပြီးတော့ မဲခွဲမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခု တင်ပြချက်ကို ပြန်လည်ဖတ်ကြားပါမယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၂)၊ အပိုဒ် ၃၊ ၄၊ ၅၊ ၆

အခန်း (၃)

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို အသိအမှတ်ပြုခြင်း

၆။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လိုသော ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လိုအပ်သော အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ လျှောက်ထားလာသူကို သတ်မှတ်သော အခကြေးငွေအား ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

၈။ လုပ်ငန်း အသိအမှတ်ပြု လက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကို ရရှိရန် မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ လျှောက်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါက ဝန်ကြီးဌာနသည် ယင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

၉။ ပုဒ်မ ၈ အရ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသူသည် ဝန်ကြီးထံသို့ ပြန်လည်စိစစ် သုံးသပ်ပေးနိုင်ရန်အတွက် သတ်မှတ်ကာလအတွင်း လျှောက်ထားခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်နဲ့ ပတ်သက်ပြီးတော့ ထောက်ခံဆန္ဒမဲများရင် ဒီပြင်ဆင်ချက်အတိုင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကန့်ကွက်ဆန္ဒမဲများရင် ဒီထဲမှာ ပုံနှိပ်ခြင်းဆိုတာကို ဖြုတ်ရမှာ ဖြစ်ပါတယ်။ ဟုတ်တယ်နော်။

ဒါကြောင့် အခု ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၅၉)၊ ကန့်ကွက်(၉)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲများတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃၊ ၄၊ ၅၊ ၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆၊ ၇၊ ၈၊ ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)၊ အပိုဒ် ၇(က)(ခ)

အခန်း(၄)

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန် စည်းကမ်း

၁၀။ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါအချက် တစ်ရပ်ရပ်တွင် အကျုံးဝင်သော ထုတ်ဝေစာများကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရ -

(က) တိုင်းရင်းသား လူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊

(ခ) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေး တို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေး တို့ကို သော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇(က) (ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၄)၊ အပိုဒ် ၈၊ ၉

၁၁။ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းကဖြစ်စေ၊ ထိခိုက်နစ်နာသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ၊ ပုဒ်မ ၁၀ ပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာနှင့် စပ်လျဉ်း၍ တရားမဝင် ထုတ်ဝေစာအဖြစ် ကြေညာပေးနိုင်ရန် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အဆင့် တရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့ လျှောက်ထားလာခြင်းကို သက်ဆိုင်ရာ တရားရုံးက အမြန်ဆုံး စစ်ဆေးစီရင်ရမည်။

၁၂။ လျှောက်ထားလွှာ လက်ခံရရှိသော တရားရုံးသည် တရားဝင်ထုတ်ဝေစာ မဟုတ်ကြောင်း အမိန့်တစ်စုံတစ်ရာ မချမှတ်မီ လျှောက်ထားခံရသော ထုတ်ဝေစာကို ဖြန့်ချိခြင်းမပြုရန် ယာယီ တားဝရမ်း ထုတ်ဆင့်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၈၊ ၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၁၊ ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၅)၊ အပိုဒ် ၁၃(က)(ခ)

၁၃။ ထုတ်ဝေစာကို-

(က) ပြည်တွင်းသို့ တင်သွင်းသူ သို့မဟုတ် ပြည်ပသို့ တင်ပို့သူသည် တင်သွင်းသော သို့မဟုတ် တင်ပို့သော ထုတ်ဝေစာနှင့် ပတ်သက်၍ ခေါင်းစဉ်၊ အမျိုးအစားနှင့် အရေအတွက်စာရင်းကို သတ်မှတ်ပုံစံဖြင့် ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါက ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော မည်သည့် ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်း ရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၃(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၃(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၆)၊ အပိုဒ် ၁၇၊ ၂၀

၁၄။ မည်သူမျှ သက်ဆိုင်ရာ လုပ်ငန်း အသိအမှတ်ပြု လက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၁၅။ မည်သူမျှ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းထားခြင်း ခံရစဉ်အတွင်း ထုတ်ဝေစာတစ်ခုခုကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ ဟု ပြင်ဆင်ထားပါတယ်။

၁၆။ မည်သူမျှ ပုဒ်မ ၁၀ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်း မပြုရ။

၁၇။ မည်သူမျှ ပုဒ်မ ၁၃ ပါ တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်ခြင်း မရှိစေရ ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၇၊ ၂၀ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၄၊ ၁၅၊ ၁၆၊ ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၂၁၊ ၂၂၊ ၂၃

၁၈။ မည်သူမဆို ပုဒ်မ ၁၄ နှင့် ၁၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သက်ဆိုင်ရာ တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်သိန်းနှစ်ဆယ်မှ ကျပ်သိန်းငါးဆယ် အထိ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သက်ဆိုင်ရာတရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ် သိန်းတစ်ဆယ် မှ ကျပ်သိန်းသုံးဆယ် အထိ ချမှတ်ရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သက်ဆိုင်ရာ တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ခံရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၁၊ ၂၂၊ ၂၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၈၊ ၁၉၊ ၂၀ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၈)၊ အပိုဒ် ၂၆(ခ)(၁)(၃)၊ ၃၂(က)(ခ)

၂၁။ အောက်ပါ ထုတ်ဝေစာများသည် ဤဥပဒေအခန်း(၃)၊ အခန်း(၅) နှင့် အခန်း(၆)၊ ပုဒ်မ ၁၇ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ ဟု ဖြည့်စွက်ထားပါတယ်။

(က) နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အဆင့်တို့နှင့် လက်အောက်အဆင့် အသီးသီးရှိဌာန၊ အဖွဲ့အစည်းများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ၊

(ဂ) မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများက မိမိရုံး လုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ ဟု ပြင်ဆင်ထားပါတယ်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်ရှိ ပြည်သူများသို့ ဖြန့်ချိသည့် သတ်မှတ်ထုတ်ဝေစာများ ဟု ဖြည့်စွက်ထားပါတယ်။

၂၄။ ဤဥပဒေဖြင့် အောက်ပါဥပဒေများ ကို ရုပ်သိမ်းလိုက်သည် -

(က) The Press (Emergency Powers)Act .

(ခ) ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၆(ခ)(၁) (၃)၊ ၃၂(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ်၂၁(က) (ဂ) (ဃ)၊ ၂၄(က) (ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ ( သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ပုံနှိပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည့် ပုံနှိပ်သူများ သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်း မရှိသည့်အတွက် ဥပဒေကြမ်းတွင် ပုံနှိပ်ခြင်းနှင့်သက်ဆိုင်သော စကားရပ်များ၊ ပုံနှိပ်သူနှင့် သက်ဆိုင် သော စကားရပ်များကို ပယ်ဖျက်ပေးရန် တင်ပြထားပါတယ်။

ဥပဒေကြမ်း ကော်မတီက ပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းတို့သည် တစ်ဆက် တစ်စပ်တည်း ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပြီး ထုတ်ဝေခြင်း လုပ်ငန်းများ၊ ထုတ်ဝေသူများသာ လုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရယူဆောင်ရွက်ရမည် မဟုတ်ဘဲ ပုံနှိပ်ခြင်းလုပ်ငန်းများ၊ ပုံနှိပ်သူ များသည်လည်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံး ဆောင်ရွက်ရန် ဖြစ်ပါသဖြင့် ပယ်ဖျက်ပေးရန် မသင့်ကြောင်း သဘောထားမှတ်ချက် ပြုထားပါတယ်။

ဒီသဘောထားမှတ်ချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်ကို ထောက်ခံလျှင် ဦးဖုန်းမြင့်အောင် ၏ သဘောထားမှတ်ချက်ကို ကန့်ကွက်တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ စက်ခလုတ်ကို အသုံးပြုပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၅၅)၊ ကန့်ကွက်(၅)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည် ဖြစ်ကြောင်း ဆုံးဖြတ်တယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၁း၀၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၆။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူ လယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဒေါက်တာမြတ်ညွှန့်စိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံးကို မင်္ဂလာပါလို့ ရိုသေစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းအပေါ်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို တာဝန် ပေးချက်အရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ညွှန့်စိုး ကနေ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ၇-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အစည်းအဝေးမှာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကို ပြင်ဆင်ချက်တွေနဲ့ အတည်ပြုခဲ့ပါတယ်။ အဲဒီနောက်မှာ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာခြင်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ၁၂-၈-၂၀၁၃ ရက်နေ့မှ ၁၆-၈-၂၀၁၃ ရက်နေ့အထိ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း ပြင်ဆင်ဖြည့်စွက်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ၂၁-၈-၂၀၁၃ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ ၂၃-၈-၂၀၁၃ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက အကြံပြုဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်များကို တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းအပေါ်မှာ အကြံပြုဆွေးနွေးခဲ့ကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးတွေဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြင့်နိုင် တို့နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး(၁၀)ဦးနှင့် ၂၄-၈-၂၀၁၃ ရက်နေ့၊ စနေနေ့မှာ အကြေအလည် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ ဒီလိုညှိနှိုင်းတဲ့အခါမှာ သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ရရှိတဲ့သဘောတူညီချက်တွေကို တင်ပြပါ့မယ်။ ပထမဦးဆုံးအနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာဗညားအောင်မိုး ရဲ့ အကြံပြုဆွေးနွေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဇ)ရဲ့ နောက်မှာ လယ်ယာထုတ်ကုန်အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း ဟု လယ်ယာထုတ်ကုန် ဈေးကွက်မြှင့်တင်ရေးအတွက် ဦးဆောင်အဖွဲ့လုပ်ငန်းတာဝန်တွေမှာ ထပ်မံပြီးတော့ ဖြည့်စွက်ဖို့ ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။ ဆက်လက်ပြီး တင်ပြရမယ်ဆိုရင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွန့် နဲ့ ဒေါက်တာမြင့်နိုင် တို့ရဲ့ အကြံပြု ဆွေးနွေးချက်တွေအရ ၂၀၁၂ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်တဲ့ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန်အတွက် ပုဒ်မ ၈၊ ပုဒ်မခွဲ(က)မှာ မိမိတို့ လယ်ယာမြေပေါ် တွင် ဆိုတဲ့ စကားရပ်မှာ လယ်ယာမြေဖြစ်နေတဲ့ အတွက်ကြောင့်မိုလို့ ယာ ဆိုတဲ့စကားလုံးကို နုတ်ပယ်ပြီးတော့ ပြင်ဆင်ဖို့ သဘောတူညီခဲ့ပါတယ်။ ပြင်ဆင်လိုက်တဲ့အခါကျတော့ နိုင်ငံတော်၏ အဓိက စားသုံးသီးနှံ

ဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်မြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာရွေးချယ် စိုက်ပျိုးခွင့် လို့ ပြင်ဆင်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်လတ် ရဲ့ အကြံပြုဆွေးနွေးချက်တွေကို တင်ပြပေးပါ့မယ်။ ဒီနေရာမှာ လယ်ယာမြေဆိုတဲ့ အသုံးအနှုန်းကို ဥပဒေကြမ်းထဲမှာ (၄)နေရာလောက် သုံးနှုန်းထားတဲ့အတွက်ကြောင့်မို့လို့ လယ်ယာမြေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်သွင်းပေးဖို့ ဆွေးနွေးခဲ့ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ မှာ ဖွင့်ဆိုထားတဲ့အတိုင်း လယ်ယာမြေ ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်း/ကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟု သော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေ ဟု သော်လည်းကောင်း၊ မြေနုကျွန်းမြေ ဟုသော် လည်းကောင်း သတ်မှတ်သည့် မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများမပါဝင်။ ဆိုတဲ့အတိုင်း ဒီဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းပေးဖို့ သဘောတူညီခဲ့ကြပါတယ်။ ဒါ့အပြင် ဆားငန်ရေဝင်ရောက်မှုကြောင့် ပျက်စီးဆုံးရှုံးရတဲ့ လယ်ယာမြေတွေကို လိုအပ်တဲ့ ကူညီထောက်ပံ့မှုတွေကို ပေးနိုင်ရန်အတွက် ပြင်ဆင်ချက် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)မှာ ဆားငန်ရေ ဝင်ရောက်၍သော်လည်းကောင်း ဟူသည့် စကားရပ်ကို သဘာဝဘေးအန္တရာယ် ကြုံတွေ့ရတဲ့အခါရယ်၊ ပိုးမွှားအန္တရာယ်ကျရောက်တဲ့အခါရယ်၊ အခြားအကြောင်းအရာများ ကြုံတွေ့ ရတဲ့အခါရယ် ဆိုတဲ့အထဲမှာ ထပ်မံဖြည့်စွက်ဖို့အတွက် သဘောတူညီမှု ရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစိုင်းသန့်ဇင် ရဲ့ အကြံပြု ဆွေးနွေးချက်တွေကို တင်ပြပေးပါ့မယ်။ တောင်သူလယ်သမားတွေကို အမှန်တကယ် ကိုယ်စားပြုနိုင်တဲ့ အဖွဲ့အစည်းတွေ ဦးဆောင်အဖွဲ့မှာ ပါဝင်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)ကို တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဟု ပြင်ဆင်ဖို့ သဘောတူညီခဲ့ကြပါတယ်။ ပုဒ်မ ၁၀ ကိုလည်း ဥပဒေရဲ့ အမည်နဲ့ညီညွတ်စေရန် ဥပဒေရဲ့ မူရင်းအမည်က တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ဖြစ်ပါတယ်။ ဒါကို ပြည်သူ့လွှတ်တော်ဘက်က တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေလို့ ပြည့်စုံစွာ ပြင်ဆင်လိုက်တဲ့အတွက် ပုဒ်မ ၁၀ ကိုလည်း ဒါနဲ့ လိုက်လျော ညီထွေ ဖြစ်ရအောင်လို့ ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ ရသင့် ရထိုက်သော အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိရောက်စွာ မြှင့်တင်နိုင်ရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရမယ် လို့ ပြင်ဆင်ဖြည့်စွက်ဖို့ သဘောတူညီမှုရရှိခဲ့ပါတယ်။ ပြင်ဆင်ချက် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ)မှာ ဖော်ပြထားတဲ့ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေရရှိမှု၊ ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်းမျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် အမျိုးသားစီမံကိန်းချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်

ရမည် ဆိုတဲ့ ပုဒ်မကို ပိုပြီးတော့ အဓိပ္ပာယ် ပိုမိုလေးနက်မှု ရှိစေရန်အတွက် အခန်း(၄)၊ ပုဒ်မ ၁၁ ရဲ့ နောက်မှာ ပုဒ်မ ၁၂ အဖြစ် ပြင်ဆင်ပြောင်းလဲ ဖော်ပြဖို့လည်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးရဲ့ အကြံပြုဆွေးနွေးချက်များကို တင်ပြပါ့မယ်။ စိုက်ပျိုးရေးပညာရပ်ဆိုင်ရာ အသုံးအနှုန်း တိကျမှန်ကန်မှုရှိစေရန်အတွက် ပိုးမွှား၊ ရောဂါ ကျရောက်မှု လို့သုံးနှုန်းမှ ပြည့်စုံနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)နဲ့ ပြင်ဆင်ချက် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)တို့မှာ ပိုးမွှားရောဂါကျရောက်မှုလို့ ပြည့်ပြည့်စုံစုံ ပြင်ဆင်ဖြည့်စွက်ဖို့လည်း သဘောတူညီမှုရရှိခဲ့ပါတယ်။

ဒီနေရာမှာ သီးခြားတင်ပြရမှာကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်မောင်လတ် ရဲ့ ဆွေးနွေးချက်ဖြစ်တဲ့ တောင်သူလယ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မြေကို အသုံးပြု၍သော်လည်းကောင်း ဆိုတဲ့ရှေ့မှာ မိမိလုပ်ပိုင်ခွင့်ရှိသောမြေကို အသုံးပြု၍သော်လည်း ကောင်းလို့ ဦးခင်မောင်လတ် က ပြင်ဆင်လိုတာ ဖြစ်ပါတယ်။ နောက်အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ရဲ့ ပုဒ်မခွဲငယ်(၄)မှာ ဖော်ပြထားတဲ့ မြေကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူကို မလိုအပ်တဲ့အတွက်ကြောင့်မိုလို့ ပယ်ဖျက်လိုကြောင်း တင်ပြလာပါတယ်။ ဒီအပေါ်မှာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ဆွေးနွေးခဲ့တာကတော့ မကြာသေးမီ ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်တဲ့ လယ်ယာမြေ ဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကွဲလွဲမှုရှိနိုင်ပါတယ်။ နောက်ပြီးတော့ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကို သီးခြားထပ်မံပြင်ဆင်ဖို့ လိုအပ်မှုမရှိသေးဘူးလို့ ဒါ ဥပဒေကြမ်းကော်မတီကတော့ ဒီလိုပဲ ဆွေးနွေးညှိနှိုင်းခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဦးခင်မောင်လတ် ရဲ့ ပြင်ဆင်လိုတဲ့ အချက်ကို အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်သင့်ပါတယ်လို့ ညှိနှိုင်းဆုံးဖြတ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး(၁၀)ဦးက အချက်ပေါင်း(၃၀) ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့ ညှိနှိုင်းဆွေးနွေးချက်တွေက အပဖြစ်တဲ့ ကျန်တဲ့ ဆွေးနွေးချက်တွေကတော့ သီးခြား ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်မှုမရှိတော့ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွေမှာ ပါရှိပြီးဖြစ်ပါတယ်။ နောက်အချို့သော အကြံပြုဆွေးနွေးချက်တွေကတော့ နည်းဥပဒေများမှာပါ ပြဋ္ဌာန်းဖော်ပြရန် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်းသာ ထားရှိဖို့လည်း အားလုံး ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို လေးစားစွာတင်ပြပါ့မယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြချက်များအနက် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ၅၊ ပုဒ်မခွဲ(ဇ)ကို ဖြည့်စွက်ရန်၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)ကို ပြင်ဆင်ရန်၊ ပုဒ်မ၂ တွင် ပုဒ်မခွဲ(ဈ)အား အသစ်ဖြည့်စွက်ရန်၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ) တို့ကို ပြင်ဆင်ဖြည့်စွက်ရန် တင်ပြလာတဲ့အချက်တွေဟာ ကျိုးကြောင်း

ညီညွတ်မှုရှိတဲ့အတွက် အတည်ပြုဆောင်ရွက်သင့်ကြောင်း တင်ပြအပ်ပါတယ်။ ထို့အတူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် နဲ့ ညှိနှိုင်းသဘောတူညီမှုမရရှိခဲ့တဲ့ တောင်သူလယ်သမား အခွင့်အရေး ... အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မိမိ၏ လုပ်ပိုင်ခွင့်ရှိသော မြေကို အသုံးပြု၍ ဟု ပြင်ဆင်ဖြည့်စွက်လိုတဲ့ အချက်နဲ့ အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ရဲ့ ပုဒ်မခွဲငယ်(၄)ဖြစ်တဲ့ မြေကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဆိုတဲ့ ပုဒ်မခွဲငယ်ကို ပယ်ဖျက်လိုတဲ့ တင်ပြချက်တွေကိုတော့ အမျိုးသားလွှတ်တော်က အဆုံးအဖြတ်ပြုရန် ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအစီအရင်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်- အခန်း(၁)၊ အပိုဒ် ၂

၂။ (င) လုပ်ကွက်ငယ် ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများဖြင့် သတ်မှတ်သည့် လုပ်ကွက်ငယ်ကို ဆိုသည်။

(ဈ) လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးထားသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ ဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့် ခြံမြေ ဟု သော်လည်းကောင်း၊ မြေနုကျွန်းမြေ ဟု သော်လည်းကောင်း သတ်မှတ်သည့် မြေများကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေး အတွက် အသုံးမပြုသောမြေများ မပါဝင် ဟု ဖြည့်စွက်ထားပါတယ်။

ဆရာကြီး ဦးဝင်းမောင် ရှိလား။ ခွင့်နော်။ လူနေအိမ်ရာက ရကောက်လား။ ယပက်လက် လားမသိဘူး။ သတ်ပုံ ပြန်စစ်လိုက်ပါ။ သတ်ပုံကျမ်းထဲက အတိုင်းပဲပေါ့နော်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(င)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တောင်သူ လယ်သမား ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည် -

(၁) မြေကိုအသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော် လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်း နှစ်ရပ်စလုံးကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် မိမိ ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ ဟူသော ဖော်ပြချက်အား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းထားရှိရန် ဥပဒေကြမ်း ကော်မတီက အတည်ပြုပေးထားပါတယ်။

အဆိုပါ ဖော်ပြချက်ကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က တောင်သူလယ်သမား အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် မိမိလုပ်ပိုင်ခွင့်ရှိသော မြေကိုအသုံးပြု၍ ဟု ပြင်ဆင် ဖြည့်စွက်လိုကြောင်း တင်ပြလာပါတယ်။

ဒီပြင်ဆင်ချက်နဲ့ စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ အတည်ပြုချက်ကို ထောက်ခံလျှင် ဦးခင်မောင်လတ် ရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက် တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ စက်ခလုတ်ကို အသုံးပြုပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၆၃)၊ ကန့်ကွက် (၈)၊ ကြားနေ(၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက မြေကိုအသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ ဟူသော ဖော်ပြချက်အား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက အတည်ပြုထားပါတယ်။

အဆိုပါ ဖော်ပြချက်ကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ပယ်ဖျက်လိုကြောင်းတင်ပြထားပါတယ်။

ဒီပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို ထောက်ခံရင် ဦးခင်မောင်လတ် ရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်တယ်လို့ ယူဆရမှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ စက်ခလုတ်ကို အသုံးပြုပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၆၄)၊ ကန့်ကွက်(၅)၊ ကြားနေ(၆)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)

အခန်း (၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) အရင်းအနှီး ရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊

(ခ) ထုတ်လုပ်မှု တိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်း ဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊

(ဃ) လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန် ဟု ပြင်ဆင်ထားပါတယ်။

(င) သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (က)(ခ)(ဂ) (ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက -

အခန်း(၁)၊ အပိုဒ် ၂(င)(စ)၊ အခန်း(၄)၊ အပိုဒ် ၈(စ)၊ အခန်း(၅)၊ အပိုဒ် ၁၆၊ ၁၇၊ အခန်း(၆) အပိုဒ် ၁၉၊ ၂၀၊ အခန်း(၇)၊ အပိုဒ် ၂၄(က)(ခ)၊ အခန်း(၈)၊ အပိုဒ် ၂၆၊ ၂၇ နှင့် အခန်း(၉)၊ အပိုဒ် ၂၈ (က)(ခ) တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(င)(စ) အခန်း(၄)၊ အပိုဒ် ၈(စ)၊ အခန်း(၅)၊ အပိုဒ် ၁၆၊ ၁၇၊ အခန်း(၆)၊ အပိုဒ် ၁၉၊ ၂၀၊ အခန်း(၇)၊ အပိုဒ် ၂၄(က)(ခ)၊ အခန်း(၈)၊ အပိုဒ် ၂၆၊ ၂၇ နှင့်၊ အခန်း(၉)၊ အပိုဒ် ၂၈(က)(ခ) တို့ကို ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ ၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)(ပ)၊ အပိုဒ် ၆၊ အပိုဒ် ၇

အခန်း(၃)

တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့
ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီးတို့ကို ဦးဆောင်စေပြီး အဲဒီကြတော့မှ ပြည်ထောင်စုဝန်ကြီး ဆိုတာ ပြည်ထောင်စု ကျန်နေတယ်။ အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(က) သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊

(ခ) တောင်သူလယ်သမားများအား ကိုယ်စားပြုသော အဖွဲ့အစည်းများနှင့် သင့်လျော်သော အခြားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

၅။ ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တောင်သူလယ်သမားများအတွက် အကျိုးစီးပွား ဖြစ်ထွန်းစေသော သီးနှံများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံ မှန်ကန်စွာရွေးချယ်စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား စိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းအတွက် လိုအပ်သည့် အချိန်၌ ချေးငွေနှင့်အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) လယ်ယာထုတ်ကုန်များကို ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင် တင်ပို့ခွင့် ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ခြင်း၊

(င) စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနှင့် သွင်းအားစုတို့ကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်း၊

(စ) တောင်သူလယ်သမားများအား လယ်ယာထုတ်ကုန်များကို အာမခံထားသည့်စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့်စနစ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စနစ်တို့ကို အလေ့အကျင့်များ ရရှိစေရန် အားပေးကူညီခြင်း၊

(ဆ) တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကို သင့်တင့်မျှတသည့် ဈေးနှုန်း ရရှိစေရန် ဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဇ) လယ်ယာထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ကုန်သွယ်ဖက်နိုင်ငံများထံမှ တင်သွင်းခွင့် ခွဲတမ်းများ စဥ်ဆက်မပြတ်ရရှိရေးကို သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လယ်ယာထုတ်ကုန် အမျိုးအစားအလိုက် ဖွဲ့စည်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လယ်ယာထုတ်ကုန် ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် အချိန်မီသိရှိရန် ဆက်စပ်ဆောင်ရွက်ခြင်း၊

(ည) တောင်သူလယ်သမားများ၏ အခွင့်အရေးများနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးတို့နှင့် စပ်လျဥ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် အကာအကွယ်ပေးခြင်း၊

(ဋ) တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားကို အဟန့်အတား ဖြစ်စေသော ပြဋ္ဌာန်းချက်များ ပါရှိပါက ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခြင်း၊

(ဌ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားသော အကြောင်းများကြောင့်သော်လည်းကောင်း လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံထိခိုက်ပျက်စီးမှုများ ကြုံတွေ့ရသော လုပ်ကွက်ငယ် တောင်သူလယ်သမားအား အထူးဦးစားပေး ကူညီထောက်ပံ့ခြင်း။

(ဍ) မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

၆။ ဦးဆောင်အဖွဲ့သည် -

(က) လိုအပ်ပါက လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်။

(ခ) လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က တင်ပြသော ဝယ်ယူမည့် ကောက်ပဲသီးနှံ အမျိုးအစားနှင့် ဝယ်ယူမည့် အစီအစဉ်တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၇။ ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။ နေပြည်တော်ကောင်စီဆိုတဲ့နေရာမှာ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းနော် နေပြည်တော်ကောင်စီ ရှိတဲ့နေရာတိုင်းမှာပေါ့။ ပြည်ထောင်စုနယ်မြေဆိုတာက တစ်ခုတည်း ဖြစ်ချင်မှဖြစ်မှာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နောက်ထပ် ပြည်ထောင်စုနယ်မြေတွေ သတ်မှတ်နိုင်တဲ့အခါမှာ၊ သတ်မှတ်လာတဲ့အခါမှာ ဒီဥပဒေ တစ်ဆက်တည်း အတည်ဖြစ်စေဖို့ အတွက် နေပြည်တော်ကောင်စီ ဆိုတဲ့နေရာမှာ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်း ဆိုပြီး ပြင်လိုက်ပါ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၊ ၅(က) (ခ)(ဂ)(ဃ)(င)(စ)(ဇ)(ဈ)(ည)(ဋ)(ဌ) (ဍ)(ဎ)၊ အပိုဒ် ၆၊ အပိုဒ် ၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)၊ ၅(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဌ)(ဍ)၊ အပိုဒ် ၆(က)(ခ) နှင့် အပိုဒ် ၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၄)၊ အပိုဒ် ၈(က)(ခ)(ဂ)(ဃ)(င)၊ ၉(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁

၈။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများအား အောက်ပါ အခွင့်အရေးများကို ရရှိစေရန် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည် -

(က) နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်သည့် ဆန်စပါး စိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့ လယ်မြေပေါ်တွင် မိမိတို့ ကြိုက်နှစ်သက်သည့် သီးနှံကို လွတ်လပ်စွာ ရွေးချယ် စိုက်ပျိုးခွင့်၊

(ခ) သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်၊

(ဂ) လယ်ယာထုတ်ကုန်များကို လွတ်လပ်စွာ သယ်ယူခွင့်နှင့် ရောင်းချခွင့်၊

(ဃ) လယ်ယာထုတ်ကုန်များကို အာမခံထားရှိခွင့်၊

(င) တည်ဆဲဥပဒေများနှင့်အညီ တောင်သူလယ်သမား အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံး များ ဖွဲ့စည်းဆောင်ရွက်ခွင့်။

၉။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ ရသင့်ရထိုက်သော အောက်ပါ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဆောင်ရွက်ပေးရမည် -

(က) တောင်သူလယ်သမား အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန် ဥပဒေနှင့်အညီ လိုအပ်သလို ဆက်စပ်ဆောင်ရွက်ပေးခြင်း၊

(ခ) တောင်သူလယ်သမားများ လိုအပ်သည့် သွင်းအားစုများ ရရှိစေရေးနှင့် မြေယာနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ အကျိုးခံစား ရရှိစေရေးအတွက် အကျိုး ခံစားခွင့် ဖြစ်မှာပေါ့ အကျိုးခံစားခွင့်ရရှိစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဂ) တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတ သည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသော၊ တရားမျှတမှု မရှိသည့်၊ မြေယာသိမ်းဆည်း ခြင်းများမဖြစ်ပေါ်စေရန် ကာကွယ်ပေးခြင်း၊

(င) လယ်ယာလုပ်သားများ၏ ရထိုက်သော အခွင့်အရေးများကို အပြည့်အဝ ရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်း။

၁၀။ ဦးဆောင်အဖွဲ့သည် လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တောင်သူလယ်သမား များ၏ အကျိုးစီးပွားကို ထိရောက်စွာ မြှင့်တင်နိုင်ရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက် ရမည်။

၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဆက်စပ် ဖြည့်ဆည်း ဆောင်ရွက်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

၁၂။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေ ရရှိမှု၊ ကုန်ထုတ်လမ်းများ ဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်း မျှတစွာတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားစီမံကိန်းချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ ဆောင်ရွက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၈(က) (ခ)(ဂ)(ဃ)(င)၊ ၉(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၁၀ နှင့် အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၈(က)(ခ) (ဂ)(ဃ)(င)၊ အပိုဒ် ၉(က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ နှင့် အပိုဒ် ၁၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၅)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ -

၁၃။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် သင့်တင့်သော အရင်းအနှီး ရရှိရေးအတွက် နှစ်ပေါက်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများကို ပြည်ထောင်စုရန်ပုံငွေဘောင်အတွင်းမှ ထုတ်ချေးခြင်း၊ လိုအပ်သော အကူအညီနှင့် အထောက်အပံ့များ ပေးခြင်းတို့ကို ပြုလုပ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

၁၄။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၁၂ အရ ချေးငွေများ ထုတ်ချေးရာတွင် ထုတ်ချေးမည့် ငွေပမာဏ၊ သက်သာသောအတိုးနှုန်း၊ ပြန်ဆပ်ရမည့် ကာလနှင့်စည်းကမ်းချက်တို့ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

၁၅။ ဦးဆောင်အဖွဲ့သည် ချေးငွေများနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများ၏ လုပ်ငန်း အတွက် အရင်းအနှီး လိုအပ်ချိန်တွင် ထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း၊ လယ်ယာထုတ်ကုန်များ ရောင်းချနိုင်သည့် သီးနှံပေါ်ချိန်၊ ငွေပေါ်ချိန်တွင် ပြန်လည်ပေးဆပ်နိုင်ရေးအတွက်လည်းကောင်း သက်ဆိုင်ရာ စိုက်ပျိုးရာသီ၊ ကုန်ထုတ်ရာသီတို့နှင့် အချိန် ကိုက်ညီစေရန် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၆။ ဦးဆောင်အဖွဲ့သည် ချေးငွေ၊ အကူအညီနှင့်အထောက်အပံ့များကို အမှန်တကယ် ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများ လက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရ မည် ဟု ဖြည့်စွက်ထားပါတယ်။

၁၇။ ဦးဆောင်အဖွဲ့သည် -

(က) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ဆားငန်ရေ ဝင်ရောက်၍သော် လည်းကောင်း၊ ပိုးမွှား၊ ရောဂါကျရောက်မှုနှင့် အခြားအကြောင်းများကြောင့် သော် လည်းကောင်း၊ တောင်သူလယ်သမားများ၏ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန် များနှင့် လယ်ယာကုန်ထုတ် အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်း တောင်သူ လယ်သမားများအတွက် လိုအပ်သော အကူအညီများနှင့် အထောက်အပံ့များ ရရှိ စေရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် လုပ်ကွက်ငယ် တောင်သူ လယ်သမားများအတွက် ယင်းတို့၏ ပျက်စီးဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ သက်သာမှု ရစေရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထိုက်သင့်သော ပမာဏတစ်ရပ်ကို ကျခံ နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တွက်ချက် တင်ပြရမည်။

၁၈။ ဦးဆောင်အဖွဲ့သည် မျိုးစေ့၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်းသုံး အခြားဓာတုဆေး တစ်မျိုးမျိုး၏ အာမခံ စံချိန်စံညွှန်း ချို့ယွင်းမှု၊ မကိုက်ညီမှုကြောင့် လယ်ယာထုတ်ကုန်များ ထိခိုက်ပျက်စီးခြင်းနှင့် လယ်ယာကုန်ထုတ် အရင်းအနှီးများ နစ်နာဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေး အရေးယူနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

၁၉။ ဦးဆောင်အဖွဲ့သည် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း သို့မဟုတ် ကပ်ဘေးရောဂါ တစ်ခုခု ကျရောက်ခြင်းကြောင့် အများပြည်သူကျန်းမာရေး အလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးခြင်း၊ သုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် တောင်သူလယ်သမား များအား လိုအပ်သော အကူအညီများနှင့် ထိုက်သင့်သော အထောက်အပံ့များရရှိစေရန် စီစဉ် ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၂(က) (ခ)၊ အပိုဒ် ၁၃(က)(ခ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇(က)(ခ)၊ အပိုဒ် ၁၈ နှင့် အပိုဒ် ၁၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆)၊ အပိုဒ် ၁၈(က)(ခ)(ဂ)(င)(စ)(ဆ)

၂၀။ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အရည်အသွေးမီသည့် ပုဂ္ဂလိကမျိုးစေ့ သုတေသနလုပ်ငန်းများနှင့် ပုဂ္ဂလိကမျိုးစေ့ ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီခြင်း၊

(ခ) တောင်သူလယ်သမားများအတွက် ဒေသ၊ ရေမြေသဘာဝ နှင့် ကိုက်ညီသည့် ခေတ်မီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ လယ်ယာထုတ်ကုန် တန်ဖိုးမြှင့်တင်ရေးဆိုင်ရာ နည်းပညာများရရှိရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊

(ဂ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ ကူးစက်ရောဂါဆိုင်ရာ၊ ပိုးမွှားရောဂါဆိုင်ရာနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန် ရောက်ရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပ ဈေးကွက်ရရှိရေးအတွက် ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဈေးကွက်ဝင် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပံ့ပိုးညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) တောင်သူလယ်သမားများ လိုအပ်သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေစက် စသည့် လယ်ယာသုံးစက်ကိရိယာများကို လယ်သမားများ အရစ်ကျ ဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မြေသြဇာနှင့် ပိုးသတ်ဆေးများ ထုတ်လုပ်၊ တင်သွင်း၊ ပြုပြင်၊ ထုပ်ပိုးရောင်းချခြင်းများပြုလုပ်ရာတွင် စံချိန်စံညွှန်းနှင့် ကိုက်ညီ၍ အန္တရာယ်ကင်းရှင်းပြီး သုံးစွဲခွင့်ရှိကြောင်း အာမခံချက် ပါရှိစေရေးနှင့် အာမခံချက် မပါသော မြေသြဇာနှင့် ပိုးသတ်ဆေးများ၏ ချို့ယွင်းအားနည်းချက်များကို တောင်သူလယ်သမားများ အချိန်မီ သိရှိနိုင်ရေး ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၈(က) (ခ)(ဂ) (င)(စ)(ဆ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၂၀(က) (ခ)(ဂ)(ဃ)(င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၇)၊ အပိုဒ် ၂၁၊ ၂၂၊ ၂၃၊ ၂၄(ဂ)၊ ၂၅

၂၁။ ဦးဆောင်အဖွဲ့သည် လိုအပ်ပါက ပုဒ်မ ၆၊ ပုဒ်မခွဲ (က)အရ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

၂၂။ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်နိုင်ရန်နှင့် အကျိုးစီးပွား မြှင့်တင်နိုင်ရန်အလို့ငှာ လယ်ယာထုတ်ကုန်များကို ဝယ်ယူရန် လိုအပ်လျှင် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့က တင်ဒါစနစ် အပါအဝင် အခြားသင့်လျော်သော နည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

၂၃။ ဦးဆောင်အဖွဲ့သည် ပုဒ်မ ၂၁ အရ ဝယ်ယူမည့် ကောက်ပဲသီးနှံ အမျိုးအစားနှင့် ဝယ်ယူမည့် အစီအစဉ် တို့ကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည် ဟု ဖြည့်စွက်ထားပါတယ်။

၂၄။ ဦးဆောင်အဖွဲ့သည် လယ်ယာထုတ်ကုန်များ ဝယ်ယူရာတွင် လိုအပ်သော ရန်ပုံငွေကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံသုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူရမည်။

၂၅။ ဖြစ်ပေါ်လာမည့် အရောင်းအဝယ် အရှုံးအမြတ်စာရင်းဇယားများကို ဦးဆောင်အဖွဲ့က တာဝန် ပေးအပ်သော စာရင်းစစ်အဖွဲ့ဖြင့် စာရင်း စစ်ဆေးရမည်။

၂၆။ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့သည် မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၁၊ ၂၂၊ ၂၃၊ ၂၄(ဂ)၊ ၂၅ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၉)၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀(က)(ခ)

အခန်း(၈)

အထွေထွေ

၂၇။ မည်သူမဆို ဈေးငွေ၊ အကူအညီနှင့် အထောက်အပံ့များကို နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြတ်တောက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ကို ကျူးလွန်ပါက ရာဇသတ်ကြီးအရ မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည် ဟု ဖြည့်စွက်ထားပါတယ်။

၂၈။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့၏ ကုန်ကျစရိတ်နှင့် ရုံးလုပ်ငန်းများအတွက် တာဝန်ယူ စီစဉ်ဆောင်ရွက်ပေးရမည်။

၂၉။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးဆောင်အဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၇၊ ၂၈၊ ၂၉(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ ပထမပုံမှန်မှ ပဉ္စမပုံမှန်အထိ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများ စာရင်းချုပ်နှင့် ပထမပုံမှန်မှ စတုတ္ထပုံမှန်အထိ ဆောင်ရွက်ဆဲ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၂:၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်းများ၊ အဆိုများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ ပထမပုံမှန်မှ ပဉ္စမပုံမှန်အထိ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန် ကြယ်ပွင့်ပြမေးခွန်းများ၊ အဆိုများစာရင်းချုပ်နှင့် ပထမပုံမှန်မှ စတုတ္ထပုံမှန်အထိ ဆောင်ရွက်ဆဲ ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထား ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းဖို့ စင်မြင့်ပေါ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂:၀၆။**

**ဦးစိုင်းကျော်ဇောသန်း (အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီ၏ ကိုယ်စား ကျွန်တော် ကော်မတီအဖွဲ့ဝင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က ဖတ်ကြားတင်သွင်းသွားမယ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာရဲ့အသေးစိတ်နဲ့ CD ပြား များကို ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကန့်သတ်မှုအရ အစီရင် ခံစာရဲ့ နိဒါန်းနဲ့ ရည်ရွယ်ချက်အပိုင်းကို ဖတ်ကြားခြင်း မပြုတော့ပါဘူး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမပုံမှန်အစည်းအဝေးများမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်း၊ ကြယ်ပွင့်မပြ မေးခွန်း၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ

ကော်မတီ၏ ဆောင်ရွက်ချက်များ

၅။ ပထမအကြိမ်၊ အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို ၉-၁-၂၀၁၃ မှ ၂၂-၃-၂၀၁၃ ထိ ကျင်းပခဲ့ပါသည်။ ၎င်းအစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ကိုယ်စားလှယ်များမှ ကြယ်ပွင့်မပြမေးခွန်းများ ပေးပို့ မေးမြန်းခြင်းနှင့် စပ်လျဉ်း၍ ကော်မတီမှ မှတ်တမ်းတင် ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီအနေဖြင့် ဆဋ္ဌမပုံမှန်အစည်းအဝေးပြီးနောက် အစီရင်ခံစာအား အောက်ပါအတိုင်း အပိုင်း(၄)ပိုင်းဖြင့် ပြုစုတင်ပြအပ်ပါသည် -

(က) အပိုင်း(၁) - ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများအနက် ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများ၊ အတည်ပြုခဲ့သည့် အဆိုများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များနှင့် ဆောင်ရွက်ချက်များ၊

(ခ) အပိုင်း(၂) - ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် စာဖြင့် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများအနက် ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ပြန်လည်ဖြေကြားချက်များနှင့် ဆောင်ရွက်ချက်များ၊

(ဂ) အပိုင်း(၃) - ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် စာဖြင့် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် မေးခွန်းများ၊

(ဃ) အပိုင်း(၄) - ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် အတည်ပြုခဲ့သည့် အဆိုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် မေးခွန်းများနှင့် အဆိုများ စာရင်းချုပ်။

အပိုင်း(၁)

(က) မေးခွန်းများ။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများအပေါ် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ဌာနများ၏ ဖြေကြားချက်များတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့်

မေးခွန်းများမှာ (၁၀၂)ခုဖြစ်ပြီး ရှင်းလင်းချက်သာဖြစ်ပြီး၊ ကတိမဖြစ်ပေါ်ခဲ့သည့် မေးခွန်းများမှာ (၅၆)ခုဖြစ်ပါသည်။ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများအပေါ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် အခြေအနေများကို Power Point ဖြင့် တင်ပြထားပါသည်။

၆။ အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့သည့် မေးခွန်းများ၊ ဖြေကြားချက်များ အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထားပါသည်။

(ခ) အဆိုများ။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အဆို(၁၄)ခု ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးခဲ့သည့် အဆို(၁၄)ခုအား လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။ အတည်ပြု အဆို(၁၄)ခုအနက် ဆောင်ရွက်ပြီး(၈)ခု၊ ဆောင်ရွက်ဆဲ(၆)ခု စိစစ်တွေ့ရှိရပါသည်။ Power Point ဖြင့် တင်ပြထားပါသည်။

၇။ အတည်ပြုခဲ့သည့် အဆိုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားမှုအသေးစိတ်ကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။

အပိုင်း(၂)

၈။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှ ပေးပို့ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း(၂၁၆)ခုနှင့် စပ်လျဉ်း၍ စိစစ်ရာတွင် ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း(၁၃၂)ခု၏ ဆောင်ရွက်ပြီးစီးမှု(၆၇)ခု၊ ဆောင်ရွက်ဆဲ(၅၃)ခု၊ ဆောင်ရွက်ရန်ကျန်(၁၂)ခုရှိကြောင်း အောက်ပါအတိုင်း စိစစ်တွေ့ရှိရပြီး Power Point ဖြင့် တင်ပြထားပါသည်။

၉။ ကတိဖြစ်ပေါ်ခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း(၁၃၂)ခုတို့နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲ (ခ)ဖြင့် ပြုစုတင်ပြထားပါသည်။

အပိုင်း(၃)

၁၀။ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန် အစည်းအဝေးများတွင် စာဖြင့် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များမှ ဆောင်ရွက်ဆဲအခြေအနေ (၉၃)ခုအား အောက်ပါအတိုင်း စိစစ်တွေ့ရှိရပြီး Power Point ဖြင့် တင်ပြထားအပ်ပါသည်။

၁၁။ ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထပုံမှန်အစည်းအဝေးများတွင် စာဖြင့် မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ဆဲအခြေအနေများကို နောက်ဆက်တွဲ(ဂ) ဖြင့် ပြုစုတင်ပြထားပါသည်။

အပိုင်း(၄)

(က) မေးခွန်းများ။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ဆောင်ရွက်ဆဲ ကြယ်ပွင့်ပြမေးခွန်း(၂၂၅)ခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ဆဲ(၁၅၁)ခု၊

ဆောင်ရွက်ပြီး(၅၃)ခု၊ ဆောင်ရွက်ရန်ကျန်(၂၀)ခုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် မေးခွန်းစာရင်းချုပ်ကို Power Point ဖြင့် တင်ပြထားပါသည်။

(ခ) အဆိုများ။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမပုံမှန်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ဆောင်ရွက်ဆဲ အဆို(၃၄)ခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ဆဲ(၂၄)ခု၊ ဆောင်ရွက်ပြီး (၁၀)ခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် အဆိုစာရင်းချုပ်ကို Power Point ဖြင့် တင်ပြထားပါသည်။

ကော်မတီ၏ စိစစ်တွေ့ရှိချက်

၁၂။ ကော်မတီ၏ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၁၅၈)ခုနှင့် ကြယ်ပွင့်မပြ မေးခွန်းပေါင်း (၂၁၆)ခု၊ စုစုပေါင်း (၃၇၄)ခု မေးမြန်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း များမှ ဖြေကြားခဲ့ကြောင်း တွေ့ရှိရပါသည်။

(ခ) ကြယ်ပွင့်ပြမေးခွန်းပေါင်း (၁၅၈)ခုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဖြေကြားချက်များအရ ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း(၁၀၂)ခုတွင် ဆောင်ရွက်ပြီးစီးမှု(၃၆)ခု၊ ဆောင်ရွက်ဆဲ(၆၁)ခု၊ ဆောင်ရွက်ရန်ကျန်(၅)ခုနှင့် ကတိကဝတ် မဖြစ်ပေါ်ခဲ့သော မေးခွန်းပေါင်းမှာ (၅၆)ခု ဖြစ်ပါသည်။

(ဂ) ကြယ်ပွင့်မပြမေးခွန်းပေါင်း(၂၁၆)ခုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများ နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဖြေကြားချက်များအရ ကတိကဝတ် ဖြစ်ပေါ်ခဲ့သည့် မေးခွန်းပေါင်း (၁၃၂)ခုတွင် ဆောင်ရွက်ပြီးစီးမှု(၆၇)၊ ဆောင်ရွက်ဆဲ (၅၃)၊ ဆောင်ရွက်ရန်ကျန်(၁၂)ခုနှင့် ကတိကဝတ် မဖြစ်ပေါ်ခဲ့သော မေးခွန်းပေါင်း (၈၄)ခု ဖြစ်ပါသည်။

(ဃ) တင်သွင်းခဲ့သည့်အဆိုပေါင်း (၁၄)ခုရှိသည့်အနက် လွှတ်တော်က အဆို(၁၄)ခုအား အတည် ပြုခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

(င) အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် ကြယ်ပွင့်မပြမေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ပြန်လည်ဖြေကြားသည့် အဖြေများတွင် လတ်တလော ဘတ်ဂျက်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိသကဲ့သို့ အချို့မှာ လာမည့် (၅)နှစ်စီမံကိန်း ဘတ်ဂျက်များ တွင် ထည့်သွင်းလျာထား ဆောင်ရွက်ရသည်များလည်း ရှိပါသည်။ သက်ဆိုင်ရာ ဘတ်ဂျက်တွင် ပါဝင်ခြင်း ရှိ/မရှိ လွှတ်တော်ကိုယ်စားလှယ်များကလည်း ထပ်မံ နှိုးဆော် သတိပေးစိစစ်ရန် လိုအပ်သကဲ့သို့ မိမိတို့ ကော်မတီကလည်း ကတိကဝတ် ဖြစ်မှုအပေါ် မူတည်၍ စီစဥ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကော်မတီ၏သုံးသပ်ချက်

၁၃။ ကော်မတီ၏ သုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ၉-၁-၂၀၁၃ မှ ၂၂-၃-၂၀၁၃ရက် အထိ ကြာမြင့်ခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်သက်တမ်း(၂)နှစ်ခွဲ ရှိလာပြီဖြစ်သဖြင့် အတွေ့အကြုံများ ရင့်ကျက်လာကြပြီး မေးခွန်းမေးမြန်းချက်များအပေါ် အစိုးရမှ ဆောင်ရွက်ပေးရန် ကတိတာဝန်များအရ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ရ/သုံးမှန်းခြေငွေစာရင်းတွင် ပါ/မပါ စိစစ်ပေးလာပြီး မိမိတို့ကော်မတီနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာကြောင်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ၂-၇-၂၀၁၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးလှဆွေ၊ ဦးမှတ်ကြီး၊ ဦးပေါ်လျှံလွင်၊ ဦးခက်ထိန်နန် တို့ တက်ရောက်ခဲ့ပြီး ၎င်းတို့၏ အဆို/မေးခွန်းများနှင့် ပတ်သက်၍ ဆွေးနွေးမေးမြန်းခဲ့ပါသည်။ အလားတူ ၃၀-၇-၂၀၁၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးမျိုးမြင့် တက်ရောက်ခဲ့ပြီး ၎င်း၏ အဆို/မေးခွန်းများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အလားတူ ၁-၈-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း တက်ရောက်ခဲ့ပြီး ဆွေးနွေးမေးမြန်းခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ မဲဆန္ဒနယ်မြေရှိ ပြည်သူလူထု၏ တင်ပြချက်များ၊ လိုအပ်ချက်များနှင့် နိုင်ငံတော်အတွက် အမှန်တကယ် လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရန် မေးခွန်းများနှင့် အဆိုများကို ပိုမိုဆောင်ရွက်လာနိုင်ပြီး အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များမှာလည်း ပိုမိုတိုးတက်ကောင်းမွန်လာသည်ဟု သုံးသပ်ရရှိပါသည်။

(ခ) ၂၁-၃-၂၀၁၃ရက်နေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ ပြောကြားရာတွင် လွှတ်တော်စတင်တဲ့ ကာလကစပြီးတော့ ယနေ့အထိ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ ဖြစ်ပေါ်ခဲ့တဲ့ကိစ္စတွေ၊ ထို့အတူပဲ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာ ကိစ္စ၊ နိုင်ငံသားများ၏ အခွင့်အရေးဆိုင်ရာကိစ္စ၊ မူလအခွင့်အရေးနှင့် ဒီမိုကရေစီအရေးဆိုင်ရာကိစ္စ၊ တောင်သူလယ်သမားကိစ္စ၊ အလုပ်သမားကိစ္စ စသည်ဖြင့် နစ်နာချက်တွေ၊ တိုင်ကြားတဲ့ကိစ္စတွေအားလုံးကို လွှတ်တော် အခွင့်အရေးကော်မတီဥက္ကဋ္ဌ က ဦးစီးပြီးတော့ လွှတ်တော်အခွင့်အရေးကော်မတီက အဓိကတာဝန် ယူပြီး ချက်ချင်းဆောင်ရွက်သင့်သည့် ကိစ္စလား၊ အလျင်အမြန် ဆောင်ရွက်သင့်သည့် ကိစ္စလား၊ ဦးစားပေး ဆောင်ရွက်သင့်သည့် ကိစ္စလား၊ အချိန်ကာလအားဖြင့် (၁)နှစ်ကြာခဲ့ပြီလား၊ (၆)လကြာခဲ့ပြီလား၊ ခွဲခြားသတ်မှတ်ရန်နှင့် စိစစ်ပြီး လွှတ်တော် အခွင့်အရေးကော်မတီက အစိုးရအဖွဲ့ကို Remind ထုတ်ရန်၊ Remind

ထုတ်ပြီး (၄)လကြာလာလို့မှ တုန့်ပြန်မှု တစ်စုံတစ်ရာ မရှိခဲ့သော် ဒါတွေကို လွှတ်တော် ဥက္ကဋ္ဌ က နိုင်ငံတော်သမ္မတထံ သဝဏ်လွှာ ပေးပို့ပါဆိုတဲ့ အဆို ကို လွှတ်တော် တင်ပြီး ဆုံးဖြတ်သွားရန်ကိစ္စအား လွှတ်တော်မှ အတည်ပြုခဲ့ပါတယ်။

(ဂ) လွှတ်တော် အခွင့်အရေးကော်မတီနှင့် ၂၂-၃-၂၀၁၃ ရက်နေ့တွင် လည်းကောင်း၊ ၂၆-၆-၂၀၁၃ ရက်နေ့များတွင်လည်းကောင်း အစည်းအဝေးများ ကျင်းပနိုင်ခဲ့ပါသည်။ ပထမပုံမှန် မှ ဆဋ္ဌမပုံမှန် အထိ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန် မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်၍ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယ ဦးစားပေး ခွဲခြားသတ်မှတ် ဆောင်ရွက်ရန်အတွက် လွှတ်တော်အခွင့်အရေး ကော်မတီသို့ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ၂၆-၆-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၆/အမ(ကော်မတီ-၁)၄/ ၂၀၁၃(၀၀၂)ဖြင့် ပေးပို့ခဲ့ပါသည်။ ပထမပုံမှန် အစည်းအဝေးနှင့် ဒုတိယပုံမှန် အစည်းအဝေးများမှ ဆောင်ရွက်ဆဲ ကြယ်ပွင့်ပြမေးခွန်း (၆၈)ခုနှင့် အဆို (၁၉)ခုအား ပထမဦးစားပေး ဆောင်ရွက်ရန်အဖြစ်လည်းကောင်း၊ တတိယပုံမှန် အစည်းအဝေး နှင့် စတုတ္ထပုံမှန်အစည်းအဝေးများမှ ဆောင်ရွက်ဆဲ ကြယ်ပွင့်ပြ မေးခွန်း (၉၀)ခုနှင့် အဆို (၁၀)ခုအား ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ ပဉ္စမ ပုံမှန်အစည်းအဝေးမှ ဆောင်ရွက်ဆဲ ကြယ်ပွင့်ပြမေးခွန်း (၆၇)ခုနှင့် အဆို (၅)ခုတို့အား တတိယဦးစားပေး အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများ တင်သွင်း ခြင်းအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနအချို့မှ ယခင်က ဖြေကြားချက်များမှာ တိကျ ရေရာမှုမရှိခြင်း၊ ဝန်ကြီးဌာန၏ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆောင်ရွက်ပြီးသည့် Data များကို ဖတ်ကြားရှင်းလင်းနေခြင်းတို့ကြောင့် အချိန်ကုန်ပြီး လိုရင်းမရောက် ဖြစ်ခဲ့ရာမှ ယခုအခါ လိုရင်းတိုရှင်း ထိမိသော အဖြေများနှင့်အတူ ဆောင်ရွက်လာ ကြောင်းတွေ့ရှိရပါသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့် အဆိုများအပေါ် အချို့ဝန်ကြီးဌာနများအနေဖြင့် ဖြေကြားချက်အရ ကတိကဝတ် ဖြစ်ခဲ့ပြီးဖြစ်သော်လည်း၊ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မှုများ နှောင့်နှေးမှု ရှိနေခြင်းနှင့် ကတိကဝတ်နှင့် ကိုက်ညီမှု မရှိသည်များလည်း ဖြစ်ပေါ် လျက် ရှိသည့်အပြင် မေးခွန်းများ၊ အဆိုများအပေါ် ကတိကဝတ်ပေးပြီး လက်တွေ့ ဆောင်ရွက်ချက်များမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များ ဆန္ဒပြည့်ဝမှု မရှိသည်များလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် ကော်မတီအနေဖြင့် ဝန်ကြီးဌာန များနှင့် ဆက်လက်ညှိနှိုင်း တွန်းအားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(င) အချို့မေးခွန်းများမှာ သက်ဆိုင်ရာဝန်ကြီးဌာနမှ လွှတ်တော်တွင် ဖြေကြားရုံဖြင့် မလုံ လောက်ဘဲ အများပြည်သူများ သိရှိနိုင်စေရန် လိုအပ်သော အချက်များကို သတင်း မီဒီယာများမှတစ်ဆင့် ထုတ်ပြန်အသိပေးသင့်ကြောင်း တွေ့ရှိရပါသည်။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ပုဒ်မ ၁၂၂ တွင် နိုင်ငံသားများအတွက် အကျိုး

ဖြစ်ထွန်းစေမည့် မေးခွန်းများ ဖြစ်သည်ဟု ဥက္ကဋ္ဌက သတ်မှတ်သော မေးခွန်းများနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းနိုင်သည် ဟု ပြဋ္ဌာန်းထားသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းထုတ်ပြန်ရန်၊ နေ့စဉ်ထုတ် သတင်းစာများတွင် အပြည့်အစုံ ရေးသားဖော်ပြရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့် လွှတ်တော်နှင့်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်သူများမှ ပိုမိုထင်သာမြင်သာ ရှိစေခဲ့ပါသည်။

(စ) လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း မိမိတို့မေးမြန်းချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကတိကဝတ်အရ သတ်မှတ်ကာလအတွင်း အရည်အသွေး ကိုက်ညီစွာ ပြီးမြောက်မှုမရှိခြင်း၊ ပြီးမြောက်ပါသော်လည်း ပြည့်စုံမှု (perfect and complete) မဖြစ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဤကော်မတီသို့ ဆက်သွယ်အကြံပြု အသိပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း ဖိတ်ခေါ်တင်ပြအပ်ပါသည်။

နိဂုံး

၁၄။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် နည်းဥပဒေများ၏ နည်းဥပဒေ ၇၁ ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ အမျိုးသားလွှတ်တော်မှ သတ်မှတ်ပေးသည့် ကော်မတီ၏ လုပ်ငန်းတာဝန်များအရလည်းကောင်း တိကျစွာလိုက်နာပြီး ဆက်လက်စိစစ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဖြန့်ဝေထားပြီးဖြစ်တဲ့ မီဒီယာဥပဒေကြမ်းနှင့်ပတ်သက်လို့ ဆွေးနွေးဖို့ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ၂၇-၈-၂၀၁၃ ရက် (၁၅း၀၀) အချိန်အရောက် အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးဖို့ကြဖို့ ဖြစ်ပါတယ်။ (၂၈)ရက်နေ့မှာ ဆွေးနွေးမှာ ဖြစ်ပြီးတော့ ဥပဒေကြမ်း ကော်မတီက ဆွေးနွေးမယ့် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပြီး ၂၉-၈-၂၀၁၃ ရက်နေ့မှာ

အစီရင်ခံစာ တင်ပြဖို့ ဖြစ်ပါတယ်။ အဆင်ပြေရင် ၃၀-၈-၂၀၁၃ ရက်နေ့မှာ လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၂း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို (၁၂း၂၅)နာရီအချိန်တွင် ရပ်နားပါသည်။]